မြန်မာ့အလင်း

၁၂၈၉ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်၊ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်၊ စနေနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၃၃)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုစိတ်ဓာတ် တောင့်တင်းခိုင်မာမှ ပြည်ထောင်စုကြီး၏နယ်နိမိတ် အစဉ်ထာဝရတည်မြဲနေမည်

ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများကို ပိုမိုတောင့်တင်းခိုင်ခံ့အောင်၊ ပိုမိုခိုင်မြဲအောင် တည်ဆောက်ပေးကြရမှာဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ် တောင့်တင်းခိုင်မာမှသာ မိမိတို့ ပြည်ထောင်စုကြီး၏ နယ်နိမိတ်သည် အမြဲတမ်းတည်တံ့ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည်လည်း အစဉ်ထာဝရ တည်မြဲနေမှာဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၇) မှ သင်တန်းသား သင်တန်းသူများ ဂါရဝပြုပွဲတွင် မြွက်ကြားသည့် သြဝါဒစကားမှ–

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဥမကွဲသိုက်မပျက် အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး အသက်တမျှအရေးကြီး အမျိုးသားညီလာခံကြီး အောင်မြင်ဖြစ်ထွန်းရေးကစ၍ မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ပေါ်သည်အထိ တိုင်းရင်းသားပြည်သူအားလုံး မိမိတို့ကျရာအခန်းကဏ္ဍက အမျိုးသားရေးတာဝန် ကျေပွန်စွာပါဝင်ထမ်းရွက်

နေပြည်တော် ဖေဖော်ဝါရီ ၉

၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ယနေ့ညနေ ၄နာရီတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

တက်ရောက်

ကြိုဆိုနှုတ်ခွန်းဆက်ပွဲသို့ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ခွန်းဆက်ပွဲတွင် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားကြေညာသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

10-2 (01) 1 2/10/07, 1:41 PM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရေး ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် ကြိုးပမ်း

မြန်မာနိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားများ ရှေးပဝေသဏီကတည်းက အေးအတူ ပူအမျှ၊ ဥမကွဲ သိုက်မပျက် စုပေါင်းနေထိုင်ခဲ့ကြသော ပြည်ထောင်စုနိုင်ငံ ဖြစ်သည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် ရေကြည်ရာ မြက်နုရာ တောင်ပေါ်မြေပြန့် နေရာအနှံ့ ဖြန့်ကြက်နေထိုင်ခဲ့သော်လည်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် စည်းလုံးညီညွတ်ခဲ့ကြသည်။ ပြည်ထောင်စုစိတ်ဓာတ်ဖြင့်ပင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်အဖြစ် နိုင်ငံတကာအလယ် ထည်ထည်ဝါဝါ ရပ်တည်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်နိုင်ရေးအတွက် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ဦးစားပေးကြိုးပမ်းဆောင်ရွက်ခဲ့သည်။

တိုင်းရင်းသားအဖွဲ့အစည်းများ ဥပဒေဘောင်အတွင်း ဝင်ရောက်၍ နိုင်ငံတော်အစိုးရနှင့် လက်တွဲလာသည့်အတွက် ချမှတ်ထားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ လျင်မြန်စွာ တိုးတက်အောင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာမှု ရှိလာသည့်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်က ဘဏ္ဍာငွေ ကျပ်သန်းပေါင်းများစွာ ကျခံသုံးစွဲပြီး အလေးပေးဆောင်ရွက်လာနိုင်ခဲ့သဖြင့် နယ်စပ်ဒေသများ၏ လူမှုစီးပွား ဘဝ တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာသည်။

ထို့ကြောင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ အခွန့်ရှည်တည်တံ့ပြီး အေးချမ်းသာယာဝပြောသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ထွန်းလာရေးအတွက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ခိုင်မြဲအောင်၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားအောင်၊ ညီညွတ် ခိုင်မာသော ပြည်ထောင်စုကြီး ဆက်လက်တည်တံ့နေအောင် တိုင်းရင်းသား လူမျိုးများ အားလုံးက တစ်စိတ်တည်း၊ တစ်ဝမ်းတည်း ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်သည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့်ရာထူး၊ ဌာန
(က)	ဗိုလ်မှူးကြီးအောင်စံတင် ကာကွယ်ရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန အလုပ်သမားဝန်ကြီးဌာန
(ခ)	ဒေါက်တာတင်ညွန့် ဒုတိယညွှန်ကြားရေးမှူးချုပ် ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းဆေးပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

စပါးတစ်ကေပန်းတိုင် အထွက်နှုန်းတင်း ၁၀၀ ပြည့်မီရေး ဒိုချက်ကင်း သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ ပေါင်းစပ်အသုံးပြုနည်းပညာသင်တန်း လှည်းကူးမြို့နယ်တွင်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းသည် ဖေဖော်ဝါရီ ၇ရက် ညနေ ၃နာရီခွဲက ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုစိုက်ပျိုးရေး သုတေသနနှင့်လေ့ကျင့်ပညာပေးဌာန၌ဖွင့်လှစ်သည့် စပါးတစ်ဧက ပန်းတိုင်အထွက်နှုန်း တင်း ၁၀၀ ပြည့်မီရေးအတွက် ဒိုချက်ကင်း သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများ ပေါင်းစပ်အသုံးပြု နည်းပညာသင်တန်းဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးသည် ဒိုချက်ကင်း သဘာဝမြေဩဇာ လက်တွေ့ပြုလုပ်သုံးစွဲနည်းအဆင့်ဆင့် လက်တွေ့သင်ကြားပြသနေမှုကို ကြည့်ရှုအားပေးသည်။

တက်ရောက်

အဆိုပါသင်တန်းသို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်းနှင့် ဒေသခံတောင်သူ ၃၆၄ ဦး၊ တပ်ရင်း၊ တပ်ဖွဲ့များမှသင်တန်းသား ၁၀၀ စုစုပေါင်း သင်တန်းသား ၄၆၄ ဦး တက်ရောက်ကြသည်။

ယင်းနောက် တိုင်းမှူးသည် ပညာပေးဌာနရှိ လေစွမ်းအင်သုံး အသီးအနှံအခြောက်ခံစက်ကို ကြည့်ရှုသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ် အစပ်ရှိ ဘားလား(၂) လျှပ်စစ်ရေတင်စီမံကိန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးအား စီမံကိန်း ရှင်းလင်းဆောင်၌ တိုင်းရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဌေးလွင်က စိုက်ပျိုးရေပေးဝေနိုင်မှု အခြေအနေကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားညွှန်ကြား ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးက လှည်းကူးမြို့နယ် ရေကျော်ကျေးရွာအနီးရှိ ရေကျော်လျှပ်စစ်ရေတင် စီမံကိန်း၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ထောက်ပံ့လှူဒါန်းသည့် ရေစုပ်စက်နှစ်လုံးဖြင့် ရေတင်၍ မြေသားမြောင်းမကြီးအတိုင်း လယ်မြေအတွင်း စိုက်ပျိုးရေပေးဝေနေမှု၊ လှည်းကူးမြို့နယ် မလစ်ကျေးရွာအနီးရှိ မလစ်လျှပ်စစ်ရေတင်စီမံကိန်းနှင့် လှည်းကူးမြို့နယ် ဆင်ဖုံကျေးရွာအနီးရှိ ဆင်ဖုံလျှပ်စစ်ရေတင်စီမံကိန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး**(အပေါ်ပုံ)** တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၀-၂-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၁။ ဆရာတော် ဦးဃောသိတ တရားတော် **“ဝိသုဒ္ဓိခုနစ်ပါး၊ ရထားခုနစ်စင်းဥပမာ”**

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **“ပြီးတော်မူ”** ဒွေး၊ အိန္ဒြာကျော်ဇင်
၁၃း၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၄း၃၅ ၄။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၅း၃၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၇။ နိုင်ငံတကာသတင်း
၆း၂၀ ၈။ မိုးလေဝသသတင်း
၆း၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၀။ လျှပ်တစ်ပြက်
၆း၄၀ ၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇း၀၀ ၁၂။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **“မုန်တိုင်းကြားက ချစ်လိပ်ပြာ”** (အပိုင်း-၇)
၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၆။ English Premier League ဘောလုံးပွဲ Manchester United Vs Charlton (Live)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁) ရပ်ကွက် သံလွင်လမ်း အမှတ် ၉၉ (အက်ဖ်-၁)နေ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ၊ သီဟသုဓမ္မမဏိဇောတဓရ ဦးချူသန်း၊ ဇနီး ဒေါ်ဝင်းကြည်၊ သား သမီး၊ မြေးတစ်စုတို့က ဦးချူသန်း၏ မွေးနေ့အထိမ်းအမှတ် နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ တည်ဆောက်လျက်ရှိသော သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် ၁၀ သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

✻ ကျောဖုံးမှ

ရှင်းလင်းပြသ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး၊ မြို့တော်ဝန်နှင့် အဖွဲ့ဝင်များသည် ပန်တျာ အခွန်လွတ်ဈေးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ထိုမှတစ်ဆင့် စမ်းချောင်းမြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ ဟံသာဝတီ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ကျန်စစ်သားလမ်း ထီးလှိုင်ရှင် အိမ်ရာအနီးရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ ရွှေပြည်သာမြို့နယ် အမှတ်(၅) ရပ်ကွက် သီရိမင်္ဂလာ မြို့ပတ်လမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ မရမ်းကုန်းမြို့နယ် စွယ်တော်လမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း သွားရောက်၍ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် ရန်ကုန်တိုင်းအတွင်းရှိ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး မွေးမြူရေးအထူးဇုန်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များ၏ ကြက်ဥ၊ ကြက်သား၊ နွားနို့နှင့် ဟင်းသီးဟင်းရွက်အရောင်းဆိုင်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်၊ ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးကြီးနှင့် မွေးမြူရေးလုပ်ငန်းရှင်များ၏ ကြက်ဥ၊ ကြက်သား၊ အမဲသား၊ ဆိတ်သား၊ ဝက်သားနှင့် ရေချို၊ ရေငန် ငါးမျိုးစုံ အရောင်းဆိုင်များ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ၏ စားအုန်းဆီ အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ ဆန်အရောင်းဆိုင်များ၊ ရန်ကုန်တိုင်း ကုန်စည်ဒိုင်နှင့်ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကုန်ခြောက်ပစ္စည်းနှင့်လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက အခွန်လွတ်ဈေးများ၌ ရောင်းချပေးလျက်ရှိသော ဟင်းသီးဟင်းရွက်၊ အသား၊ ငါးနှင့်ကုန်ပစ္စည်းများကိုပြည်သူလူထုက ယခင်ကထက်ပိုမိုအားထားဝယ်ယူ စားသုံးလာကြသဖြင့် ပြင်ပထက်ဈေးနှုန်း သက်သာစွာရောင်းချကြရန်၊ တာဝန်ရှိသူများက အလေး၊ တင်းတောင်း မှန်ကန်စေရေးအတွက် ကြပ်မတ်စစ်ဆေးရန်၊ ကျန်းမာရေးနှင့် ညီညွတ်သည့် သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်၊ အသား၊ ငါးများကိုသာ ရောင်းချရန် မှာကြားပြီး ဈေးရောင်းချသူ၊ ဈေးဝယ်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

မလွန်ဆန်လှူ အထူးတရားဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်တိုင်း သာကေတမြို့နယ် ၅ရပ်ကွက်သုမနဓမ္မဗိမာန်မလွန်ဆန်လှူသင်းထောက်အဖွဲ့၏ (၄၁)ကြိမ်မြောက် မလွန်ဆန်လှူဒါန်းမှုအားချီးမြှောက်သောအားဖြင့် ဦးပညာဒီပ(ဓမ္မာစရိယ) သာသနာပြု ဓမ္မကထိက ပဓာန နာယက စတုဘုမ္မိက မဟာသတိပဋ္ဌာန်ကျောင်း(ဟသ်ာတမြို့)ဆရာတော် အရှင်သူမြတ်သည် တရားအလှူရှင် ဦးလှအောင်၊ ဒေါ်မြင့်မြင့်ဦး မြို့မ ၁၆လမ်း ၄/မြောက်ရပ်ကွက် သာကေတမြို့၏ တရားအလှူပေးပွဲပြုလုပ်မည့် ဖေဖော်ဝါရီ ၁၅ရက်ည ၇နာရီတွင် တရားဒေသနာဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက်မည့်အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ် ကျောင်းတော်ကြီး ဆောက်လုပ်ရန် အတွက် နှစ်ဖက်သော မိဘများကို ရည်စူးလျက် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် အမှတ်(၇၂) စည်ပင်သာယာလမ်း ၃(ခ) ငွေကြာရံရပ်ကွက်နေ ဦးအောင်ကြည်-ဒေါ်ခင်ခင်မနှင့် သားသမီးမြေးတစ်စုတို့က အလှူတော်ငွေကျပ်ရှစ်သိန်းကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်း အမှတ်၄၂(ပ)ထပ်(အလှူငွေလက်ခံရာဌာန)၌ ကျောင်းအကျိုးဆောင်ဆရာတော် မဟာသိမ်တော်ကြီး စာချ၊ နာယကဆရာတော် ဦးဂန္ဓသာရ၏ ရှေ့မှောက်တွင် လှူဒါန်းရာ ကျောင်းအမှုဆောင် ဒေါ်ကေသက်မော်က အလှူငွေလက်ခံယူစဉ်။ (က-ပ)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၉၄) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၉

ပြန်ကြားရေး ဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၉၄)ကို ယနေ့ဖြန့်ချိလိုက်သည်။ **(ယာပုံ)**

မြင်းမူမောင်နိုင်မိုး၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ကြည်အောင်(ကေတုမတီ)၊ ညိုလွမ်းအောင်၊ မောင်ခိုင်ခန့်၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ ပုဏ္ဏဝတီ တင့်နှောင်း၊ ညွှန့်ဝေ(ကသာ)၊ အောင်ထွန်းလင်း(ချောက်)၊ ကျော်ကျော်ဦး(လယ်ဝေး)၊ မောင်လွန်းမြိုင်(ပင်လယ်ဘူး)၊ စစ်တွေညိုသန့်တို့၏ အဖွင့်ကဗျာများ၊ ဣန္ဒာဆွေ၊စောမုံညင်း၊ မကြန်၊ တက္ကသိုလ်တင်ခ၊ ချစ်နိုင်(စိတ်ပညာ)၊ မောင်မြတ်မွန်(ဆူးလေ)၊ ပခုက္ကူဦးအုံးဖေ၊ ကာတွန်းဦးဗကလေး၊ မောင်ခင်မင်(ဓနုဖြူ)၊ ခင်ဇေ(စက်မှု)၊ မောင်မောင်ကျော့(ပလက်ဝ)၊ ချောင်းဦးမောင်စန္ဒာ၊ တက္ကသိုလ်စိုးယဉ်၊ အောင်ထက်၊ ဆောမြို့ကဦးတင်ထွေ၊ ဖွဲသန်းသျှင်(သုံးဆယ်)၊ရွှေဆယ်ထိပ်တင်လှိုင်၊စစ်ရဲအိမ်၊တက္ကသိုလ်ဝင်းမြင့်တို့၏ ဆောင်းပါးများ၊ ဦးစံတင်အောင်(ရွှေဘို)၊ ဆင်ဖြူကျွန်းအောင်သိန်း၊ အေးရောမွန်(သချာ)၊ရွှေဘိုဘာမထီခင်အောင်၊ ပတ္တမြားနီနီ၊ တင်ဦးလေး၊ ခိုင်လွင်ဦး(ထီးဆောင်း)၊ ဇင်မင်း(သမိန်ထော)၊ နိုင်ဆွေ(ခရမ်း)တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်၊ တစ်ခန်းရပ်ပြဇာတ်များ၊ ဟာသနှင့် ကာတွန်းများအပြင် ဗုဒ္ဓစာဥယျာဉ်၊ တောလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ တိုင်းရင်းသားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပုံပြင်ကဏ္ဍများဖြင့် သုတရသစုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါ မဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်မြို့ နာဂလိုဏ်ဂူဘုရားကုန်းမြေ ဗုဒ္ဓပူဇနိယပွဲတော်နှင့်ကလေးဝတောရ ဆရာတော်ကြီး အထိမ်းအမှတ်ပွဲတော်ကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) နံနက် ၇နာရီတွင် ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညိုပူဇော်နိုင်ကြောင်းနှင့် နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီတော် ဂေါပကအဖွဲ့ ဖုန်း- ၆၅၁၀၆၄သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အပြည်ပြည်ဆိုင်ရာကလေးများနေ့ အထိမ်းအမှတ် မူကြိုကလေးများ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကျင်းပသော အပြည်ပြည်ဆိုင်ရာကလေးများနေ့ အထိမ်းအမှတ် မူကြိုကလေးငယ်များ ကာယဉာဏ စွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် မြို့နယ်ခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက အဖွင့်အမှာစကားပြောကြားပြီး မူကြိုကလေးငယ်များ၏ ကာယ ဉာဏစွမ်းရည် ယှဉ်ပြိုင်မှုများနှင့် ချစ်စရာ့အရွယ် ကစားကြမယ် အစီအစဉ်တို့ကို ကြည့်ရှုအားပေးကာ တာဝန်ရှိသူများ နှင့်အတူ ဆုရရှိကြသည့် ရင်သွေးငယ်များအား ဆုများပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၀-၂-၂၀၀၇ ရက် (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူစကားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ အကပြိုင်ပွဲ
- ၈:၀၀ ၆။ ဒေသဖွံ့ဖြိုးတိုးတက်ဝေစည် ဒုဋ္ဌဝတီ
- ၈:၁၀ ၇။ အတီးပြိုင်ပွဲ
- ၈:၂၀ ၈။ နှစ် (၆၀)ပြည့် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Grammar made Easy.

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၄၀ ၆။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၁၂:၅၀ ၇။ **"ပိုင်နိုင်ခိုင်မြဲအောင်"** ခန့်စည်သူ၊ ထွန်းထွန်းဝင်း၊ ထင်ပေါ်၊ မျိုးစန္ဒီကျော်၊ ငွေစင်သွန်း၊ သူသူဟံသာ (ဒါရိုက်တာ-သက်တင်)
- ၁၃:၂၅ ၈။ နှစ် (၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၃:၃၅ ၉။ စစ်ကိုင်းတိုင်း ပုထိုးလုံးတံတား
- ၁၃:၄၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၁၄:၀၀ ၁၁။ အဆိုပြိုင်ပွဲ
- ၁၄:၁၀ ၁၂။ **"အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ"** စိုးသူ၊ နန်းကလျာလှိုင် (ဒါရိုက်တာ-စောစန္ဒာလှိုင်)
- ၁၄:၂၀ ၁၃။ မျိုးမျိုးကြွကြွယဉ်ကျေးမှုအက
- ၁၄:၃၀ ၁၄။ အတီးပြိုင်ပွဲ
- ၁၄:၄၅ ၁၅။ International News

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Evaryday Uae.
- ၁၆:၄၅ ၄။ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သမိုင်းအထူးပြု) [သမိုင်း]
- ၁၇:၁၅ ၆။ ပြည်ထောင်စုနေ့ဂုဏ်ပြု ဆိုင်းအဖွဲ့ဖျော်ဖြေခန်း (ရွာစားဦးစိန်လှမြိုင်၊ မွန်ပြည်နယ်ကိုကိုနိုင်၊ ရွှေသရဖူမိုးဇော်ဗိုလ်)
- ၁၇:၃၀ ၇။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၁၇:၄၅ ၈။ နှစ် (၆၀)ပြည့် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
- ၁၈:၀၀ ၉။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၁။ အလှရှာမယ် လှကမ္ဘာဝယ်
- ၁၉:၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ကြယ်ကြွေရင်ခုန်သံ" (အပိုင်း-၁၉) (ဇာတ်သိမ်းပိုင်း)**
- ၁၉:၄၅ ၁၃။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ (အသီးတစ်ညှာ အညှာတစ်ခု ဒို့ပြည်ထောင်စု)
- ၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လှပသောနေ့ရက်မှာ"** (အပိုင်း-၂၃)

U CAN Floating Restaurant မိသားစု စာနယ်ဇင်းများနှင့် မိတ်ဆက်ညှိုခံပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၉

U CAN Floating Restaurant မိသားစု၏ စာနယ်ဇင်းများနှင့် မိတ်ဆက်ညှော့်ခံပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ဆိပ်ကမ်းမြို့နယ် ဝါးတန်းဖောတံတား(၁-၂)ရှိ အဆိုပါ မိသားစု၏ရေပေါ်စားသောက်ဆိုင်၌ ကျင်းပသည်။

ရှေးဦးစွာ U CAN Floating Restaurant မိသားစု ဒါရိုက်တာ ဦးတင့်ဆွေက U CAN Floating Restaurant အကြောင်းကို ရှင်းလင်းပြောကြားသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ညှော့်သည်များသည် U CAN Floating Restaurant ၏ Deck-1, Deck-2 နှင့် မွမ်းမံ ခင်းကျင်းထားရှိမှုများကို လှည့်လည်ကြည့်ရှုကြရာဒါရိုက်တာဦးတင့်ဆွေ**(အောက်ပုံ)**က လိုက်လံရှင်းလင်းပြသပြီး မိတ်ဆက်ပွဲကို ရုပ်သိမ်းလိုက်သည်။

U CAN Floating Restaurant မိသားစု၏ 'မြန်ကောင်းသက်သာ U CAN မှာ' ဟူသော ဆောင်ပုဒ်နှင့်အညီ တရုတ်၊စင်ကာပူ နှင့် ထိုင်းနိုင်ငံတို့မှ စားဖိုမှူးကြီးများ၏ အရသာထူးကဲလှသော ဟင်းလျာများ၊ Soup မျိုးစုံ၊ Noodles & Dimsum၊ သန့်ရှင်းလတ်ဆတ်သော ပင်လယ်စာနှင့် Steamed (or) B.B.Q၊ Menu Order ဟင်းလျာများနှင့် ယမကာမျိုးစုံ၊ Freshness Cafe ၊ Cake & Bakery တို့ကို နေ့စဉ်နံနက် ၉ နာရီမှစတင်၍ ဈေးနှုန်းချိုသာစွာ ဝယ်ယူအားပေး သုံးဆောင်နိုင်သည့်အပြင် သန့်ရှင်းလတ်ဆတ်သော လေကိုရှူရှိုက်ရင်း ရန်ကုန်မြို့၏ နေဝင်ဆည်းဆာအလှနှင့် ည၏ သဘာဝ အလှများကိုပါ ကြည့်ရှုခံစားနိုင်မည်ဖြစ်သည်။

မေတ္တာလက်ဆောင်

ထိုအပြင် မင်္ဂလာညှော့်ခံပွဲ ကျင်းပလိုသူများအတွက် ညှော့်သည်ဦးရေ ၅၀၀ ဆံ့ Ball Room နှင့် ကျယ်ဝန်းပြီး လုံခြုံစိတ်ချရသော Car Parking များကိုပါ စီစဉ်ထား ရှိပြီး မင်္ဂလာညှော့်ခံပွဲ အတွက် Ball Room စရိတ် အခမဲ့အပြင် ညှော့်ခံပွဲတိုင်း၌ Uncle Bird Cake 1 Kg ကို မေတ္တာလက်ဆောင်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရရုံးပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၇ခုနှစ် ဖေဖော်ဝါရီလအတွက်

(၁၁-၂-၂၀၀၇)ရက်နေ့

နှင့်

(၂၅-၂-၂၀၀၇)ရက်နေ့

ရုရှားတိုက်လေယာဉ်သစ် အိန္ဒိယလေကြောင်းပြပွဲ၌ ပြသ အနောက်နိုင်ငံလုပ် တိုက်လေယာဉ်များကို ယှဉ်ပြိုင်ထုတ်လုပ်ထား

ဘန်ဂလို ဖေဖော်ဝါရီ ၉

ရုရှားနိုင်ငံလုပ် မစ်–၃၅ဂျက်တိုက်လေယာဉ် အမျိုးအစားသစ်ကို ရုရှားလေကြောင်းကော်ပိုရေးရှင်း–မစ်က ဖေဖော်ဝါရီ ၇ရက်၌ အိန္ဒိယလေကြောင်းပြပွဲ တွင် ထုတ်ဖော်ပြသခဲ့သည်။

အိန္ဒိယနိုင်ငံက အဆိုပါ စွယ်စုံသုံး လေယာဉ်ပျံ အမျိုးအစားကို ဝယ်ယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ ယင်းလေယာဉ်သည် လေကြောင်းဖွင့်ပွဲနေ့က ဘန်ဂလိုမြို့ကို ဝဲပျံလျက် သရုပ်ပြသခဲ့သည်။

အဆိုပါတိုက်လေယာဉ် အမျိုးအစားသစ်ကို ၂၀၀၅ခုနှစ်က ရုရှားနိုင်ငံ၌လည်းကောင်း၊ ၂၀၀၆ခုနှစ် တွင် ဗြိတိန်နိုင်ငံ၌လည်းကောင်း ပါဝင်ပြသခဲ့သည်။ ၎င်းလေယာဉ်သည် ရုရှားနိုင်ငံက ၎င်း၏ပြိုင်ဘက် အနောက်နိုင်ငံများကို ယှဉ်ပြိုင်ထုတ်လုပ်ထားခြင်းဖြစ်သည်။

ယှဉ်ပြိုင်ထုတ်လုပ်

ရုရှားနိုင်ငံက အိန္ဒိယနိုင်ငံသို့ ဂျက်လေယာဉ် ၁၂၆စင်း ရောင်းချရန် စီစဉ်လျက်ရှိသည်။ ယင်း ရုရှားတိုက်လေယာဉ်အမျိုးအစားသည် အမေရိကန် မှ အက်ဖ်–၁၆နှင့် အက်ဖ်–၁၈ တိုက်လေယာဉ်များ၊ ဆွီဒင်နိုင်ငံလုပ် ဂရီပင်၊ ယူရိုဖိုက်တာနှင့် ပြင်သစ်လုပ် ရာဖေးလ်တို့ကို ယှဉ်ပြိုင်ထုတ်လုပ်ထားခြင်း ဖြစ်သည်။

ပါဝင်ပြသ

အဆိုပါ အိန္ဒိယလေကြောင်းပြပွဲတွင် အမေရိကန်တိုက်လေယာဉ်များဖြစ်သည့် အက်ဖ်–၁၆နှင့် ၁၈ တိုက်လေယာဉ်များကို ပထမဆုံးအကြိမ်အဖြစ် ပါဝင်ပြသခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ရေလွှမ်းမိုးမှုများ ဖြစ်ပွားပြီးနောက် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည်ကို ဖေဖော်ဝါရီ ၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အိန္ဒိယလေကြောင်းပြပွဲတွင် ပါဝင်ပြသသည့် ရုရှားဂျက်တိုက်လေယာဉ်တစ်စင်းကို ဖေဖော်ဝါရီ ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အာဖဂန်သို့ တပ်ဖွဲ့ဝင်တိုးချဲ့စေလွှတ်ရေး အီတလီကန့်ကွက်

ရောမ ဖေဖော်ဝါရီ ၉

အာဖဂန်နစ္စတန်နိုင်ငံအတွင်း မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး) ဆောင်ရွက်မှုကို ပိုမိုအားပေးထောက်ခံကြရန် တိုက်တွန်းချက်တစ်ရပ် အီတလီသတင်းစာတစ်စောင်တွင် ဖော်ပြမှုနှင့်စပ်လျဉ်း၍ အီတလီနိုင်ငံက အမေရိကန်နိုင်ငံနှင့် အခြားသော မဟာမိတ်ငါးနိုင်ငံကို ဖေဖော်ဝါရီ ၆ ရက်က ကန့်ကွက်လိုက်သည်။

အာဖဂန်နစ္စတန်သို့ တပ်ဖွဲ့ဝင်များ တိုးချဲ့စေလွှတ်ရေး နေတိုးအဖွဲ့က အဖွဲ့ဝင်နိုင်ငံများအား စည်းရုံးနေစဉ် အီတလီနိုင်ငံက ၎င်း၏ကတိအတိုင်း တပ်ဖွဲ့ဝင်များ အာဖဂန်သို့ စေလွှတ်မည်မဟုတ်ကြောင်း ထပ်မံ ပြောကြားခဲ့သည်။

အကြောင်းကြား

နေတိုး၏ တိုက်တွန်းချက်မှာ အံ့သြစရာဖြစ်ပြီး လက်မခံနိုင်ကြောင်း၊ အီတလီ နိုင်ငံခြားရေးဝန်ကြီး ဒီအလီမာက အမေရိကန်၊ ဗြိတိန်၊ ကနေဒါ၊ သြစတြေးလျ၊ နယ်သာလန်နှင့် ရိုမေးနီးယားနိုင်ငံခြားရေးဝန်ကြီးများထံ စာရေး အကြောင်းကြားခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

မိခင်နို့ချို တိုက်ကျွေးသော ကလေးများ အမြင်အာရုံ ပိုမိုကောင်းမွန်စေနိုင်

နယူးယောက် ဖေဖော်ဝါရီ ၉

မိခင်နို့ချို တိုက်ကျွေးသော ကလေးများသည် အမြင်အာရုံကို ကောင်းမွန်စေနိုင်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များက ပြောကြားသည်။

မိခင်နို့ချိုတိုက်ကျွေးသော ကလေးများသည် အမြင်အာရုံဖွံ့ဖြိုးတိုးတက်မှု ကာလကြာရှည်စွာ အကျိုးရလဒ်များ ရရှိစေနိုင်ကြောင်း လန်ဒန်မြို့ ကလေးကျန်းမာရေးတက္ကသိုလ်မှ ဒေါက်တာ အတာဆင်ဟဲလ်က ၎င်း၏ လေ့လာတွေ့ရှိချက်ကို ရိုက်တာသို့ ပြောကြားလိုက်သည်။

အမြင်အာရုံ

မိခင်နို့တွင် ပုံစံခွက်ဖြင့် တိုက်ကျွေးသောစနစ်ထက် ဖက်တီးအက်ဆစ်ဓာတ်များ ပါဝင်မှုပို၍များကြောင်း၊ ယင်းအချက်ကြောင့် မိခင်နို့တိုက်ကျွေးသော ကလေးများသည် အမြင်အာရုံကို ပို၍ အားကောင်းစေနိုင်ကြောင်း ဒေါက်တာဆင်ဟဲလ်နှင့် လုပ်ဖော်ကိုင်ဖက်များက အမေရိကန် ဆေးအာဟာရဆိုင်ရာ ဂျာနယ်သို့ ပြောကြားခဲ့သည်။

အဆိုပါ သုတေသနပြုလေ့လာရေးအဖွဲ့သည် အသက်လေးနှစ်မှ ခြောက်နှစ်ရှိ ကလေးငယ်များ လေ့လာရာတွင် မိခင်နို့တိုက်ကျွေးသည့် ကလေး ၇၈ဦးနှင့် အခြား နို့မှုန့်တိုက်ကျွေးသည့် ကလေး ၁၈၄ဦးအား လေ့လာခဲ့သည်ဟု ဆိုသည်။

တွေ့ရှိ

ယင်းတို့သည် မိခင်နို့တိုက်ကျွေးကလေးများအား အခြားမိခင်နို့ မတိုက်ကျွေးသည့် ကလေးများနှင့် နှိုင်းယှဉ်လေ့လာခဲ့ပြီးနောက် မိခင်နို့တိုက်ကျွေးသည့် ကလေးများမှာ သိသာစွာ အမြင်အာရုံကောင်းစေသည့်အချက်ကို တွေ့ရှိခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ

တူရကီ၌ ဘိန်းဖြူ ၅၇ဒသမ၇ကီလို ဖမ်းဆီးမိ

အန်ကာရာ ဖေဖော်ဝါရီ ၉

တူရကီနိုင်ငံ အနောက်မြောက်ပိုင်းတွင် ဖေဖော်ဝါရီ ၅ရက်က တူရကီလုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဘိန်းဖြူ၅၇ ဒသမ ၇ ကီလိုဖမ်းဆီးရမိခဲ့ကြောင်း အနာတိုလီရာသတင်းဌာနက သတင်းထုတ်ပြန်သည်။

တူရကီ လုံခြုံရေးတပ်ဖွဲ့ဝင်များက လော်လီကားတစ်စီးအား ရပ်တန့်ရှာဖွေရာ ကားအတွင်း ဝှက်၍ ယူဆောင်လာသော ဘိန်းဖြူ ၁၀၉ထုပ်အား အနံ့ခံခွေးများ၏ အကူအညီဖြင့် ရှာဖွေဖမ်းဆီးနိုင်ခဲ့သည်။

ဖမ်းဆီးနိုင်

တူရကီနိုင်ငံ အစ်တန်ဘူလ်မြို့၌ ယခုနှစ် ဇန်နဝါရီ ၂၆ရက်မှ ဖေဖော်ဝါရီ ၂ရက်အထိ ကျင်းပခဲ့သော မူးယစ်ဆေးဝါး တိုက်ဖျက်မှု စစ်ဆင်ရေးအကြိမ် ၅၀တွင် ဆေးခြောက် ၁၁၆ ဒသမ ၁ကီလို၊ ကိုကင်း ၄၂ ဒသမ ၅ ဂရမ်နှင့် စိတ်ကြွဆေးပြား၁၀၄၂ပြားတို့ကို ဖမ်းဆီးသိမ်းဆည်းနိုင်ခဲ့သည်။

ဆက်လက်ဖော်ပြ

အဆိုပါ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများပြုလုပ်နေစဉ် မူးယစ်ဆေးဝါး တရားမဝင် မှောင်ခိုနှင့် စပ်လျဉ်း၍ သံသယရှိသူ ၈၉ဦးအား ဖမ်းဆီးထိန်းသိမ်းထားကြောင်း အနာတိုလီရာသတင်းဌာနက ထုတ်ပြန်သော သတင်းတွင် ဆက်လက်ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နိုင်ငံတကာအာကာသစခန်းအနီးတွင် အာကာသယာဉ်မှူးတစ်ဦး အာကာသအတွင်း စူးစမ်းလေ့လာမှုများ ပြုလုပ်နေသည်ကို နာဆာရုပ်မြင်သံကြား ဖန်သားပြင်မှ ဖေဖော်ဝါရီ ၈ရက်က မြင်တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ရုရှား၌ပရိဘောဂစက်ရုံ မီးလောင်

ရီကာထရိန်းဘာ့ဂ် ဖေဖော်ဝါရီ ၉

ရုရှားနိုင်ငံ ရီကာထရိန်းဘာ့ဂ်မြို့ရှိ ပရိဘောဂစက်ရုံတစ်ရုံ ဖေဖော်ဝါရီ ၇ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ ၁၂ ဦးသေဆုံးသွားခဲ့ကြောင်း ဒေသဆိုင်ရာ အရေးပေါ်ဝန်ကြီးဌာန ပြောခွင့်ရအမျိုး သမီးတစ်ဦးက ပြောကြားသည်။

ထိန်းချုပ်နိုင်ခဲ့

မီးစတင်လောင်ကျွမ်းပြီး ၁၅နာရီအကြာမှ မီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ခဲ့ကြောင်း၊ သေဆုံးသူအရေအတွက် ပိုများလာဖွယ်မရှိကြောင်း ပြောခွင့်ရအမျိုးသမီး နာထယ်ရာဇာရန်အိုဗာက ပြောကြားသည်။

စက်ရုံလုပ်သားများ မီးလောင်ကျွမ်းသဖြင့် ပြတင်းပေါက်များမှ ခုန်ချထွက်ပြေးခဲ့ရကြောင်း၊ အလုပ်သမား ၁၀ဦးအား ဆေးရုံသို့ တင်ပို့လိုက်ရကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၅ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီက ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ ခြောက်ထပ်ကြီးဘုရားကြီးဝင်း ဘိုကလေးအသင်း သိမ်ကျောင်း ဓမ္မာရုံ၌ ကျင်းပရန်စီစဉ်ထားသည်။

အသက် ၇၅ နှစ်နှင့်အထက် အသင်းဝင် အဘိုးအဘွားများကို ပူဇော်ကန်တော့ပြီး အသင်းဝင်များ၏ သားသမီးများမှ ၂၀၀၅–၂၀၀၆ စာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများကို ပညာရည်ချွန်ဆု ချီးမြှင့်မည်ဖြစ်သည်။ ကန်တော့ခံ အဘိုးအဘွားများနှင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများသည် ဖေဖော်ဝါရီ ၂၂ ရက် နောက်ဆုံးထား၍ ဦးတင့်ဇော်(ဥက္ကဋ္ဌ) ဖုန်း–၂၉၁၃၃၈၊ ဒေါ်မြင့်မြင့်စိန်(ဘဏ္ဍာရေးမှူး) ဖုန်း–၅၄၃၇၂၄ နှင့် ဦးတင်မောင်မြင့် (အတွင်းရေးမှူး) အမှတ် ၅၄ (တတိယထပ်) ဘုန်းကြီးလမ်းရှိ ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်) ဖုန်း–၂၁၂၅၀၈ တို့သို့ ဆက်သွယ်ကြရန်နှင့် ရန်ကုန်ရောက် မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် အဘိုးပန်းတနော် ဦးအေးမောင်–အဘွား ဒေါ်ခင်စိန်တို့အား ရည်စူးပြီး မိခင်ကြီး ဒေါက်တာဒေါ်လှမြိုင်အား အမှူးထားလျက် ကိုကျော်ကျော်သန့်–မအိအိခင် မိသားစု အမှတ် ၆၄ သံလွင်လမ်း ဗဟန်းတို့က အလှူငွေကျပ် ငါးသိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သင်းထံသို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မြန်မာ့အလင်း ပြည်တွင်းသတင်းအတိုအထွာ

လေးနိုင်ငံ ကားမောင်းပြိုင်ပွဲ ကျင်းပရေးညှိနှိုင်း

၂၀၀၇ ခုနှစ် တရုတ်–မြန်မာ–အိန္ဒိယ–ဘင်္ဂလားဒေ့ရှ် လေးနိုင်ငံ ကားမောင်းပြိုင်ပွဲကို ကူမင်းမှ ကာလကတ္တားခရီးစဉ်ဖြင့် ကျင်းပမည်ဖြစ်ရာ ခရီးစဉ်အကြို ပထမအကြိမ် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၇ရက် နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

တောင်ကြီးမြို့ စက်မှု(၁)ဈေးရောင်းပွဲတော်

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ အထူးဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ၉ ရက်မှ ၁၈ ရက်အထိ တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ နေ့စဉ်နံနက် ၈ နာရီမှ ည ၇ နာရီအထိ ကျင်းပလျက်ရှိသည်။

ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး လှုပ်ရှားမှု

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် ပထမအကြိမ် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုကို လာမည့် ဧပြီ၂၃ ရက်မှ ၂၉ ရက်အထိ ကျင်းပရန် စီစဉ်ထားသည်။

ထီးတော်သစ်တင်လှူ ပူဇော်

မွန်ပြည်နယ် မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ကွက်ရှိ သာသနာ ၂၅၀၀ စေတီတော်မြတ်၏ သက်တမ်း ၅၀ ပြည့် ရွှေရတုအထိမ်းအမှတ် ထီးတော်သစ်တင်လှူပူဇော်ပွဲကို ဖေဖော်ဝါရီ၅ ရက်က စေတီတော်ပရိဝုဏ်အတွင်း ကျင်းပခဲ့သည်။

ဂုန်လျှော်နှင့် ချည်ပေါင်လျှော်ဆိုင်ရာ ဆွေးနွေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်းနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့ အခြေစိုက် အပြည်ပြည်ဆိုင်ရာ ဂုန်လျှော်လေ့လာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော ဂုန်လျှော်နှင့် ချည်ပေါင်လျှော်ဆိုင်ရာဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၇ ရက်က ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှင်စောမြတ်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်

လပွတ္တာမြို့နယ် လပွတ္တာလုပ် တောင်ကျေးရွာရှိ ရှင်စောပုဘုရင်မကြီး တည်ထားတော်မူခဲ့သော ပြည်လုံးချမ်းသာ(ခေါ်)ရှင်စောမြတ်စေတီတော်၏ (၁၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ၂၀ ရက်မှ မတ်၁ ရက်အထိ ၁၀ရက်တိုင်တိုင် ကျင်းပမည် ဖြစ်သည်။

သစ်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်စည်းဝေးမည်

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း (၁၃)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ဖေဖော်ဝါရီ၁၆ ရက် (သောကြာနေ့) ညနေ ၅ နာရီက ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန၌ ကျင်းပမည်ဖြစ်ရာ အစည်းအဝေးသို့ အသင်းဝင်များ မပျက်မကွက် တက်ရောက်ကြရန် အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

ကျေးလက်ပြည်သူများ ရုပ်သံကြည့်ရှုရေးစခန်းဖွင့်လှစ်

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျေးလက်နေ ပြည်သူများ မြန်မာ့ရုပ်မြင်သံကြားကြည့်ရှုနိုင်ရန် ကိုယ်အားကိုယ်ကိုး မြန်မာ့ရုပ်မြင်သံကြား ကြည့်ရှုရေး စခန်းများကို ဖေဖော်ဝါရီ၁ ရက်က လားရှိုးမြို့နယ် ခေးနင်းကျေးရွာ၊ နောင်မွန်ကျေးရွာ၊ ပုန်းထွန်ကျေးရွာနှင့် စဥ့်အင်ကျေးရွာတို့၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မြန်မာ့တိုင်းရင်းဆေး ဖွံ့ဖြိုးရေးအလုပ်ရုံဆွေးနွေး

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၇ ရက်က နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။ ယခုအခါ မြန်မာနိုင်ငံတွင် ခုတင်(၅၀)ဆံ့နှင့် (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးကုဌာန ၂၃၇ ဌာန၊ သုတေသနဓာတ်ခွဲခန်းနှင့် ခေတ်မီ စက်ကိရိယာများ၊ ပရဆေးဥယျာဉ်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သည့် စက်ရုံများ တိုးတက်လုပ်ဆောင် ဖြည့်ဆည်းနိုင်ခဲ့ပြီဖြစ်သည်။ **(မြန်မာ့အလင်း)**

တိပိဋက=နိကာယ သာသနာပြုဥပဋ္ဌာကအဖွဲ့ နှစ်ပတ်လည်စုံညီအစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၉

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်ခဲ့သော တိပိဋက=နိကာယ သာသနာပြု ဥပဋ္ဌာက(ပင်မ)အဖွဲ့နှင့် တိ=နိ ရန်ကုန်ဌာန၊ မန္တလေးဌာန၊ စစ်ကိုင်းဌာန၊ ပြင်ဦးလွင်(အနီးစခန်း) ဌာန၊ စာအုပ်စာပေမော်ကွန်းအနုပညာအဖွဲ့၊ သုဘဒ္ဒါအဖွဲ့၊ အမှုဆောင်များနှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အကျိုးတော်ဆောင်များအဖွဲ့၏ (၂၃)ကြိမ်မြောက် နှစ်ပတ်လည်စုံညီအစည်းအဝေးကို ဖေဖော်ဝါရီ၇ ရက်နှင့် ၈ ရက်တို့တွင် ကျင်းပသည်။

အစည်းအဝေးတွင် တိ=နိ (ပင်မ)ဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးအေးဖေနှင့် တိ=နိ (ရန်ကုန်)ဌာန ဥက္ကဋ္ဌ ဆင်မင်း ဦးတင်ရွှေတို့က အဖွင့်အမှာစကားပြောကြားကြသည်။ **(အပေါ်ပုံ)**

ရှေ့လုပ်ငန်းစဉ်များချမှတ်

ထို့နောက် တက်ရောက်လာသော ကိုယ်စားလှယ်များက နှစ်နှစ်တာ ငွေစာရင်းရှင်းတမ်းနှင့် တိ=နိ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အားနည်းချက်၊ အားသာချက်များကို တင်ပြဆွေးနွေးကြပြီး ကျပ်တစ်သောင်း ဆွမ်းပဒေသာပင် ဆက်လက်အလှူခံရန် ဆွမ်း၊ သင်္ကန်း၊ ကျောင်းနှင့် ဆေးပစ္စည်းလေးပါး အလှူငွေများ ပိတ်ရက်မရှိ အလှူခံဆောင်ရွက်သွားရန် တိပိဋက ခြောက်ထပ်တိုးချဲ့ ကျောင်းတော်ကြီးဆောက်လုပ်ရေးနှင့် ပြုပြင်ထိန်းသိမ်းစရိတ်များကို ဆက်လက်အလှူခံ ဆောင်ရွက်သွားရန် နှစ်စဉ် တော်သလင်းလဆန်း ၅ ရက် မင်းကွန်း မိုးမိတ်ကုန်းမြေတွင်ကျင်းပနေကျ ဗုဒ္ဓ၊ ဓမ္မ၊ သံဃပူဇာပွဲတော်၊ စာအောင်ဆုနှင်းပွဲတော်အတွက် အစဉ်အမြဲအလှူခံ ဆောင်ရွက်သွားရန်၊ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋကကျောင်းတော်ကြီး သာသနာပြုလုပ်ငန်းများကို တိုးတက်ထွန်းကားပြန့်ပွားစေရန် ကြိုးပမ်းဆောင်ရွက်သွားရန် စသည့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ကြကြောင်း သိရသည်။ **(က–ပ)**

အိမ်သုတ်ဆေးဖြန့်ချိရေး အရောင်းကိုယ်စားလှယ်များအား ဆုချီးမြှင့်ဂုဏ်ပြု

ရန်ကုန် ဖေဖော်ဝါရီ ၉

Unique Innovative Trading Co., Ltd. ၏ Jotun Paints အိမ်သုတ်ဆေး ဖြန့်ချိရေးလုပ်ငန်းက ၂၀၀၆ ခုနှစ် ရောင်းအားအကောင်းဆုံး ကိုယ်စားလှယ်များအား ဆုချီးမြှင့်ဂုဏ်ပြုပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက် ညနေ ၆ နာရီက M-3 စားသောက်ဆိုင်၌ ကျင်းပရာ Unique Innovative Trading Co., Ltd. မှ တာဝန်ရှိသူများ၊ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ အရောင်းကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ Unique Innovative Trading Co., Ltd. မန်နေဂျင်းဒါရိုက်တာဦးဇော်ဟိန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒါရိုက်တာ ဦးကိုကိုလေးက Jotun Paints Product များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် Unique Innovative Trading Co. ,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဟိန်းက ၂၀၀၆ ခုနှစ် ရောင်းအား အကောင်းဆုံး ပထမဆုရ မော်လမြိုင်မြို့မှ ဦးအောင်ကျော်ခင်အား Sony 25" TV၊ ဒုတိယဆုရ တောင်ငူမြို့မှ ဦးကင်းအောင်အား ရေခဲသေတ္တာတို့ကို ဆုချီးမြှင့်ပြီး ဒါရိုက်တာ ဦးကိုကိုလေးက တတိယဆုရ မန္တလေးမြို့မှ လှအဥ္ဇလီသဘော်ဆေးအရောင်းဆိုင်အား Sony 21" TV၊ စတုတ္ထဆုရ ရန်ကုန်မြို့မှ ဦးအုန်းရွှေနှင့် သားများဆိုင်(၃)မှ ဦးတင်ဌေးအား Sony 21" TVနှင့် ပဉ္စမဆုရ မန္တလေးမြို့မှ PMA သဘော်ဆေးအရောင်းဆိုင်အား LG ရေခဲသေတ္တာတို့ကို ပေးအပ်ချီးမြှင့်သည်။

ထုတ်လုပ်

Unique Innovative Trading Co., Ltd. က နော်ဝေးနိုင်ငံမှ ထုတ်လုပ်သော ဥရောပအရည်အသွေးမြင့် Jotun အိမ်သုတ်ဆေးအမျိုးအစားများကို တစ်ဦးတည်းကိုယ်စားလှယ် အနေဖြင့် တင်သွင်းပြီး တစ်နိုင်ငံလုံးသို့ ဖြန့်ချိလျက်ရှိပြီး Jotun Paints အမျိုးအစားသုံးမျိုး ထုတ်လုပ်လျက်ရှိသည်။

ဝယ်ယူနိုင်

Decortive Paintsကို အတွင်း၊ အပြင် အိမ်သုတ်ဆေးများသာမက ဘတ်တီးရီးယားပိုးမွှားများ၊ အက်ဆစ်အပျော့များ၏ ဒဏ်ကို ကာကွယ်ပေးနိုင်သည့်ဆေးများထုတ်လုပ်ပြီး အလွယ်တကူဝယ်ယူနိုင်၍ နည်းပညာဖြန့်ဖြူးမှုကိုပါ စီစဉ်ဆောင်ရွက်ပေးသည်။ Marine Paintသဘော်ကိုယ်ထည်၏ ရေပေါ်ပိုင်းနှင့် ရေအောက်ပိုင်း လိုအပ်သော ဆေးအမျိုးမျိုးတို့အတွက် ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးသည်။ Protective Coating အနေဖြင့် ရေနံတူးစင်၊ ရေနံပိုက်လိုင်း၊ Gas ပိုက်လိုင်း၊ Metal များ၊ Steel Structure များ၊ အပူဒဏ်ခံနိုင်သော ဆေးအမျိုးမျိုးနှင့် အခြား အရည်အသွေး မြင့်မားသော ဆေးမျိုးစုံတို့ကိုလည်း ထုတ်လုပ်ဖြန့်ချိပြီး (Unique Innovative Trading Co.,Ltd.) Jotun Paints အိမ်သုတ်ဆေးဖြန့်ချိလိုလျှင် အမှတ် ၉၅ ဘုရင့်နောင်ဈေးပတ်လမ်း ၁ ရပ်ကွက် ဘုရင့်နောင် ရန်ကုန် ဖုန်း–၆၈၃၆၉၀၊ ၀၉–၅၀၂၀၄၂၂ နှင့် အမှတ် ၈၈၊ ၆၈ လမ်း ၃၃/၃၄ လမ်း ချမ်းအေးသာစံမြို့နယ် မန္တလေး ဖုန်း–၀၉–၅၀၁၆၀၂၃ တို့မှ ဝယ်ယူမှာကြားနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

Unique Innovative Trading Co., Ltd. ဒါရိုက်တာ ဦးကိုကိုလေး ရောင်းအားအကောင်းဆုံး ပဉ္စမဆုရ မန္တလေးမြို့မှ PMA သဘော်ဆေး အရောင်းဆိုင်ကို ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

ပြည်ထောင်စု၏ စိတ်ဓာတ်နှင့်အလှတရား

(က)

မြန်မာ

"မြန်မာ"ဟူသည် ပြည်ထောင်စုဖွား တိုင်းရင်းသား လူမျိုးစုအားလုံးကို ခေါ်ဆိုခြင်းဖြစ်သည်။

"မြန်"ဟူသည်မှာ စစ်ချီ၊ စစ်တက်ခြင်းမှစ၍ ခက်ခဲသော အရေးအကြောင်းနှင့် ကြုံကြိုက်သည့်အခါ ဤအရေးကို ပြီးစီးအောင်မြင်ရန် ဇဝနဉာဏ်၊ တခ်ဏုပ္ပတ္တိဉာဏ်တို့ဖြင့် လျင်မြန်စွာ ကြံစည်တတ်သော သတ္တိဂုဏ်ဖြင့် ပြည့်စုံခြင်း။

"မာ"ဟူသည်မှာ မည်သည့်အရာမဆို ဆန္ဒ၊ အာသီသ နှလုံးသွင်းသည့်အတိုင်း ပေါက်မြောက်အောင် မလျှော့သော လုံ့လဝီရိယဖြင့် ဇာတိသွေး၊ ဇာတိမာန် ခက်ထန်တင်းမာသော စိတ်ရင်းသတ္တိ ပြည့်စုံခြင်း။

(ခ)

ပြည်ထောင်စုမြန်မာနိုင်ငံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် မြောက်မှတောင်သို့ မိုင်ပေါင်း ၁၃၀၀ကျော် ရှည်လျား၏။ အရှေ့မှ အနောက်သို့ မိုင်ပေါင်း ၆၀၀၊ ဧရိယာအကျယ်အဝန်း ၂၆၁၂၂၈ စတုရန်းမိုင် အရွယ်အစားဖြင့် ကမ္ဘာ့အလယ်တွင် ခံ့ထည်စွာ ရပ်တည်လျက်ရှိ၏။

မြန်မာနိုင်ငံအတွင်း၌ မှီတင်းနေထိုင်သည့် တိုင်းရင်းသားလူမျိုးများမှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အပါအဝင် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ကျော် စုပေါင်းနေထိုင်ကြသည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ညီအစ်ကို မောင်နှမများသည် လွန်ခဲ့သည့် နှစ်ပေါင်းထောင်ချီကတည်းက ကမ္ဘာ့အလယ်တွင် ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်ထီးကိုယ့်နန်းဖြင့် မျက်နှာပန်းလှခဲ့၏။ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဘာသာစကား၊ ကိုယ်ပိုင် အနုပညာများနှင့် သမိုင်းအကွခရာထွင်း လင်းတောက်ခဲ့၏။

တိုင်းရင်းသားများအားလုံးသည် မရှိအတူ၊ ရှိအတူ၊ အေးအတူပူအမျှ သုခဒုက္ခကို မျှဝေခံစား၍ တစ်အူထုံ့ဆင်း ညီရင်းအစ်ကိုနှယ် နှလုံးသားချင်း ရင်းခဲ့၏။ စိတ်သဘောထားချင်း နီးခဲ့၏။ တစ်မြေတည်းနေ တစ်ရေတည်းသောက် တစ်ခရီးတည်း အတူလျှောက်ကြသည့် ခရီးသွားဖော်များ အဖြစ်ဖြင့် အတူတကွ လက်တွဲနေထိုင်လာခဲ့ကြ၏။

သို့သော်––– ၁၉ရာစုနောက်ပိုင်းတွင် နယ်ချဲ့တို့က မြန်မာနိုင်ငံကို သိမ်းပိုက်ပြီး မြန်မာနိုင်ငံအတွင်းရှိ အဖိုးတန်သယံဇာတများအား အလိုရမ္မက် ငမ်းငမ်းတက်ကာ ယုတ်မာသောအကြံအစည်များဖြင့် တိုင်းရင်းသားများအကြား နားလည်မှုကွဲပြားအောင်၊ အမြင်မှုန်ဝါးအောင်၊ စည်းလုံးမှုအစည်းပြေအောင်၊ ဖြူစင်မှု အရောင်စုံစွန်းထင်းအောင် တိုင်းရင်းသားများ၏ ချစ်ခြင်းကို ခွဲခဲ့၏။ အထင်ချင်း၊ အမြင်ချင်းကွဲအောင်၊ သွေးချင်းစိမ်းအောင် တောင်ပေါ်နှင့်ပြည်မဟူသည့် စည်းသား၍ အုပ်ချုပ်မှုစနစ်နှစ်မျိုး ခွဲခြားပြီး အုပ်ချုပ်ခဲ့၏။

ဤသို့ဤနှယ် ပြည်ထောင်စုကြီးတစ်ခုလုံး သူ့ကျွန်အဖြစ် နှစ်တစ်ရာကျော် နှွံနစ်ခဲ့ရာ မျိုးချစ်နိုင်ငံ့ခေါင်းဆောင်ကြီးများက တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို တစ်ဖန်ပြန်၍ ရှင်သန်ထက်မြက်စေကာ တိုင်းရင်းသားများနှင့်အတူ နယ်ချဲ့တို့အား တော်လှန်ခဲ့ကြ၏။

နယ်ချဲ့တို့သည် မြန်မာ့လွတ်လပ်ရေးကို မပေးမဖြစ် ပေးရတော့မည်ဟု သိသောအခါ ပြည်မကိုသာပေးမည်၊ တောင်တန်းဒေသကိုမူ မပေးဟု ဆိုလာပြန်၏။ ထိုသို့ သပ်လျှိုဖြိုခွဲမှုများ ဖြစ်နေသည့်အချိန်ဝယ် နိုင်ငံ့ခေါင်းဆောင်ကြီးများ၏ စိတ်ရင်းစေတနာကြောင့် နယ်ချဲ့တို့၏ ပယောဂပူးဝင်မှုကို ခံနေရသော တောင်တန်းဒေသ ခေါင်းဆောင်ကြီးများသည်လည်း တောင်တန်းဒေသများ ပြည်မကြီးနှင့်ပူးတွဲရန် သဘောတူခဲ့ကြ၏။

ဤသို့ဖြင့် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်နေ့ နံနက်၁၀နာရီတွင် တောင်တန်းဒေသနှင့်ပြည်မ သွေးစည်းညီညွတ်ရေး ပင်လုံစာချုပ်ကြီးကို ဗြိတိသျှကိုယ်စားလှယ်တို့၏ ရှေ့မှောက်၌ပင် လက်မှတ်ရေးထိုးကြပြီး "ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်" ဟူသည့် ဆောင်ပုဒ်နှင့်အညီ ပြည်ထောင်စုတိုင်းရင်းသားတို့၏ ညီညွတ်ခြင်းပြယုဂ်ကို ထုတ်ဖော်ပြသခဲ့ကြ၏။ ပြည်ထောင်စုစိတ်ဓာတ် မွန်အမြတ်ကို ထုတ်ဖော်ခဲ့ကြ၏။ ပင်လုံမြေတွင် ပြည်ထောင်စုအမြုတေ တည်ခဲ့၏။

ပြည်ထောင်စုနေ့

ပြည်ထောင်စုသားတို့ သွေးစည်းညီညွတ်သော အထိမ်းအမှတ် ပင်လုံစာချုပ်ကို ချုပ်ဆိုသော ၁၉၄၇ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်နေ့ကို **"ပြည်ထောင်စုနေ့"**ဟူ၍ သတ်မှတ်ခဲ့၏။ ထို ဖေဖော်ဝါရီ ၁၂ရက်နေ့ ရောက်တိုင်း ပြည်ထောင်စုနေ့ နှစ်ပတ်လည် အောင်ပွဲသဘင်များကို ပြည်နယ်နှင့်တိုင်း အသီးသီးတွင် ဆင်ယင်ကျင်းပမြဲ ဖြစ်၏။ ယခုနှစ် ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်နေ့ဆိုလျှင် ပြည်ထောင်စုနေ့၏ သက်တမ်းသည် နှစ်ပေါင်း(၆၀) မြောက်ခဲ့ပြီးဖြစ်သည်။

ဥဩချောင်မှူး (ရတနာစည်၊ လွိုင်လင်)

ပြည်ထောင်စုစိတ်ဓာတ်

"စိတ်ဓာတ်ဆိုရာ၌ မိမိလူမျိုး၊ မိမိတိုင်းပြည်ကို ချစ်မြတ်နိုးသည့် စိတ်ဓာတ်၊ ပြည်ထောင်စုကြီးကို တွယ်တာမြတ်နိုးသည့် စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို ဆိုလိုခြင်းဖြစ်ကြောင်း။

နိုင်ငံသားတိုင်းသည် မိမိနိုင်ငံနှင့်မိမိလူမျိုးကို ချစ်ရမှာဖြစ်သကဲ့သို့ မိမိပြည်ထောင်စုကို ကာကွယ်ရမှာဖြစ်ကြောင်း။

ထို့အပြင် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ထားရှိရာ၌ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်ရှိရန်လည်း လိုကြောင်း။

မိမိအသက်၊ မိမိစည်းစိမ်၊ မိမိဘဝကို နိုင်ငံတော်အတွက် ပေးဆပ်ရဲသော စွန့်လွှတ်စွန့်စား စိတ်ဓာတ်မျိုး ဖြစ်ကြောင်း၊ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်နှင့် ပေါင်းစပ်မှသာ အနှစ်သာရရှိသည့် မျိုးချစ်စိတ်အဖြစ် တည်ဆောက်နိုင်မှာ ဖြစ်ကြောင်း။"

အထက်ပါ နိုင်ငံသားတစ်ယောက်၌ ထားရှိရမည့် ပြည်ထောင်စုစိတ်ဓာတ်ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၁၆-၁၂-၂၀၀၆ ရက်နေ့၌ ပြင်ဦးလွင်မြို့တွင် ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တို့မှ တာဝန်ရှိသူများအား အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

"ပြည်ထောင်စုစိတ်ဓာတ်"ဟူသည် အမျိုးသားရေးအသိအမြင်အပြည့်အဝဖြင့် ရဲစွမ်းသတ္တိရှိသော စိတ်ဓာတ်၊ ဣဿာ၊ မစ္ဆရိယ မနာလိုဝန်တိုမှုကင်းသော စိတ်ဓာတ်၊ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိ၏ဘာသာ၊ သာသနာ၊ စာပေ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းကို ချစ်မြတ်နိုး၍ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သော စိတ်ဓာတ်၊ တိုင်းရင်းသား ညီအစ်ကို မောင်နှမများနှင့်အတူ ဆွေရင်းမျိုးချာကဲ့သို့ နေထိုင်လိုသော မိသားစုစိတ်ဓာတ်၊ အချင်းချင်း ချစ်ခြင်း၊ အချင်းချင်း စောင့်ရှောက်ခြင်း၊ ကူညီရိုင်းပင်းခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ အရေးကြီးလျှင် သွေးနီးခြင်းစိတ်ဓာတ်နှင့် တိုင်းတစ်ပါး၏ ရိုးရာယဉ်ကျေးမှုကို အန်တုတော်လှန်သော စိတ်ဓာတ်တို့ဖြစ်သည်။

ပြည်ထောင်စု၏အလှ

ပြည်ထောင်စု၏အစုအဝေးကြီး၌ အလှလေးပါးတို့ဖြင့် သစ်လွင်လှပခမ်းနားလျက်ရှိ၏။ ပထမအလှမှာ ရေမြေတောတောင်၊ သစ်ပင်ပန်းမန်၊ သယံဇာတများ၏ သဘာဝအလှဖြစ်၏။ ဒုတိယအလှမှာ ပြည်ထောင်စုတိုင်းရင်းသားများ၏ ကိုယ်ပိုင်ယဉ်ကျေးမှု အလှဖြစ်၏။ တတိယအလှမှာ ပြည်ထောင်စုစိတ်ဓာတ်၏ အလှဖြစ်၏။ စတုတ္ထအလှမှာ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု အလှဖြစ်၏။

ထိုပြည်ထောင်စုကြီး၏ အလှတရားများကို နိုင်ငံတော်၊ တပ်မတော်တို့နှင့်တကွ တိုင်းရင်းသား ပြည်သူများကိုယ်တိုင်သာ မပျောက်ပျက်၊ မတိမ်ကောအောင် ထိန်းသိမ်းစောင့်ရှောက်ရာ၏။ ပိုမိုလှပ ဝင့်ထည်အောင် တိုးမြှင့်တည်ဆောက်ကြရာ၏။

ပြည်ထောင်စု၏ စတုတ္ထအလှ

တပ်မတော်အစိုးရသည် ပြည်ထောင်စု၏ စတုတ္ထအလှကို ပုံဖော်ရာတွင် **တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိပ်တန်း ဦးစားပေးကာ မွန်မြတ်မှန်ကန်သော စေတနာတရားဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့ကို ဥပဒေဘောင်အတွင်းသို့ လက်တွဲခေါ်ဆောင်နိုင်ခဲ့၏။**

စေတနာကောင်း၏ ရလဒ်ကောင်းအဖြစ် နယ်မြေဒေသများ ငြိမ်းချမ်းလာသည်နှင့်အမျှ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ပေးခဲ့သည်။

ထိုသို့ ဖော်ဆောင်ပေးရာတွင် ပြည်ထောင်စုတစ်ဝန်းလုံး ပညာသင်ယူမှု အခွင့်အလမ်း တစ်ပြိုင်နက်ပွင့်လန်းရေးနှင့် အဆင့်မြင့်အထက်တန်း တက်လှမ်းနိုင်ရေးအတွက် အခြေခံပညာကျောင်းမှအစ အဆင့်မြင့်ပညာကျောင်းများမကျန် တိုးချဲ့ထူထောင်ပေးခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

- **တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိပ်တန်းဦးစားပေးကာ မွန်မြတ်မှန်ကန်သော စေတနာတရားဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ ၁၇ဖွဲ့ကို ဥပဒေဘောင်အတွင်းသို့ လက်တွဲခေါ်ဆောင်နိုင်ခဲ့။**
- **စေတနာကောင်း၏ ရလဒ်ကောင်းအဖြစ် နယ်မြေဒေသများ ငြိမ်းချမ်းလာသည်နှင့်အမျှ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ပေး။**
- **ထိုသို့ ဖော်ဆောင်ပေးရာတွင် ပြည်ထောင်စုတစ်ဝန်းလုံး ပညာသင်ယူမှု အခွင့်အလမ်း တစ်ပြိုင်နက်ပွင့်လန်းရေးနှင့် အဆင့်မြင့်အထက်တန်း တက်လှမ်းနိုင်ရေးအတွက် အခြေခံပညာကျောင်းမှအစ အဆင့်မြင့်ပညာကျောင်းများမကျန် တိုးချဲ့ထူထောင်။**
- **ပြည်ထောင်စုကြီးတစ်ခုလုံး နယ်စပ်နှင့် ကျေးလက်ဒေသမကျန် အလှမ်းကျယ် အလယ်အလပ်မရှိရေးအတွက် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဖြင့် တက္ကသိုလ်၊ ကောလိပ်များ၊ ခုတင်(၂၀၀)ဆံ့ အဆင့်မြင့်ဆေးရုံကြီးများ တိုးမြှင့်တည်ဆောက်ဖွင့်လှစ်ပေးခဲ့။ ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်း (၅)ရပ်ဖြင့် ကျေးလက်ပြည်သူတို့၏ လူမှုစီးပွား ဘဝ နောက်ကျမကျန်ရအောင်လည်း ထုမြှင့်တင် တန်းဝင်အောင် ဖော်ဆောင်ပေး။**

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသား အားလုံး စောင့်ထိန်း ကာကွယ်ရေး။

၂။ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး။

၃။ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။

၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။

၅။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေး အတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်း ကြိုးပမ်းရေး။



ပြည်ထောင်စု အစိဉ္စာန်

❒ ချစ်တဲ့သူငယ်　ညီနောင်နွယ်ဖွား
တိုင်းရင်းသားတို့...
ဒို့ပြည်မြန်မာ　ခွန့်ရှည်ကြာဖို့
တာဝန်သုံးပါး　သတ်မှတ်ထားပြီး
အရေးကြီးသည်ကား...
"တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး"။

❒ ရှမ်း၊ဗမာ၊ရခိုင်၊ကချင်　ကရင်၊မွန်၊ချင်း၊ကယား
တိုင်းရင်းသားစုံညီ　ရွှေညီလာပွဲ
ဆင်နွှဲတူပေ　ဥပဒေအခြေခံ
ပေါ်ထွန်းရန်ရေး　လေးထားဂရု
"ပြည်ထောင်စုစိတ်ဓာတ် မြဲခိုင်ရေး"။

❒ ပြည်ထောင်စု၏　မည်သည့်နေရာ
ဒေသမှာပင်　ထာဝစဉ်လေးစား
ထိန်းသိမ်းသွားရန်　စောင့်ရှောက်ရန်မှာ
မြန်မာနွယ်ဖွား　တိုင်းရင်းသားတို့
အလေးထားပြုရန်　ဓာတိမာန်ဖြစ်
"စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ထားရှိရေး"။

❒ ချစ်တဲ့သူငယ်　ညီနောင်နွယ်ဖွား
တိုင်းရင်းသားတို့...
– စည်းလုံးညီညွတ်　ဒို့ကျင့်ဝတ်ကို
မချွတ်မလွဲ　ထပ်ခါမြဲစို့။
– ပြည်ထောင်စုစိတ်ဓာတ်　အကျင့်မြတ်ကို
ထပ်ထပ်ခါမြဲ　စိတ်မှာစွဲစို့။
– မျိုးချစ်စိတ်သန်　စစ်အမှန်ကို
ဖန်ဖန်စိတ်စွဲ　ခိုင်ခိုင်မြဲစို့။ ။

[နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုလျက်–]

ဖိုးရန်နိုင် (ကျောက်ကြီး)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စီစဉ်ထုတ်လွှင့်မည့် "ပြည်ထောင်စုသစ္စာ"ရေဒီယိုအသံလွှင့်ဇာတ်လမ်းကို အသံသွင်းနေစဉ်။
(မြန်မာ့အသံ)

ပြည်ထောင်စုနေ့ဂုဏ်ပြု အသံလွှင့်ဇာတ်လမ်းထုတ်လွှင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၉

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယဉ်ယဉ်လှ ဝတ္ထုဇာတ်ညွှန်း ရေးသား စီစဉ်ထုတ်လွှင့်လိုက်သည့် **"ပြည်ထောင်စုသစ္စာ"** ရေဒီယိုအသံလွှင့်ဇာတ်လမ်းကို ဖေဖော်ဝါရီ၁၁ ရက်(တနင်္ဂနွေနေ့) ည ၇ နာရီ ၁၅ မိနစ်တွင် မြန်မာ့အသံရေဒီယိုမှ ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါဇာတ်လမ်းတွင် သရုပ်ဆောင် ချစ်သူ၊ ဆုရှုန်းလဲ့၊ ပွင့်နှင့် မြန်မာ့အသံဝန်ထမ်းများက ပါဝင်သရုပ်ဆောင်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ပြည်ထောင်စုကြီးတစ်ခုလုံး နယ်စပ်နှင့် ကျေးလက်ဒေသမကျန် အလှမ်းကျယ် အလယ်အလပ် မရှိရေးအတွက် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြင့် တက္ကသိုလ်၊ ကောလိပ်များ၊ ခုတင်(၂၀၀)ဆံ့ အဆင့်မြင့်ဆေးရုံကြီးများ တိုးမြှင့်တည်ဆောက် ဖွင့်လှစ်ပေးခဲ့၏။ ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်း (၅)ရပ်ဖြင့် ကျေးလက်ပြည်သူတို့၏ လူမှုစီးပွားဘဝ နောက်ကျမကျန်ရအောင်လည်း ထူမ မြှင့်တင် တန်းဝင် အောင် ဖော်ဆောင်ပေးခဲ့၏။

ထို့အပြင် အနာဂတ်မျိုးဆက်သစ် ပြည်ထောင်စုဖွား တိုင်းရင်းသား လူငယ်များအနေဖြင့် တိုင်းရင်းသားအချင်းချင်း ပိုမိုချစ်ခင် စည်းလုံးကြလျက် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲသည့် လူငယ်များဖြစ်လာစေရန် ဒို့တာဝန်အရေးသုံးပါးကို သက်ဝင်ယုံကြည်၍ လိုက်နာဆောင်ရွက်တတ်သော လူငယ်များဖြစ်လာစေရန်၊ မိမိတို့၏ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းများကို သိရှိနားလည်ကာ ထိန်းသိမ်းတတ်သော လူငယ်များ ဖြစ်လာစေရန် စသည့်ရည်ရွယ်ချက်ကောင်းများဖြင့် ၁၉၉၁ခုနှစ် ဇွန်လ ၁၀ရက်နေ့တွင် စစ်ကိုင်းတိုင်း ရွာသစ်ကြီး၌ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံမှ တက္ကသိုလ်အဆင့်သို့ တိုးမြှင့် ဖွင့်လှစ်ပေးခဲ့၏။

ထို့ပြင် ၁၉၈၈ခုနှစ်က တက္ကသိုလ်၊ကောလိပ်ပေါင်း ၃၂ခုသာ ရှိခဲ့ရာမှ ယခုအခါ ၁၆၀အထိ ရှိလာခဲ့ပြီ ဖြစ်သည်။ ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၂၀ရက်နေ့ကလည်း အထူးဖွံ့ဖြိုးရေးဒေသကြီး၂၄ခုရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်မှ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ကောလိပ် ၄၉ ခုနှင့် ပညာရေးဝန်ကြီးဌာနအောက်မှ ဒီဂရီကောလိပ်သုံးခုကို တက္ကသိုလ်များအဖြစ်သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သည်။

တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခုကိုလည်း ၁၅–၆–၂၀၀၀ရက်နေ့တွင် ရန်ကုန်မြို့နှင့် ၁၂–၇–၂၀၀၀ရက်နေ့တွင် မန္တလေးမြို့တို့၌ ဖွင့်လှစ်ပေးခဲ့၏။

(ဂ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ ဒေသများသည် ယခင်က နယ်ချဲ့တို့၏ ကြားခံပယောဂကြောင့် ဒေသချင်း တောကွယ်၍ တောင်ခြားခဲ့ရ၏၊ ချောင်းတား၍ မြစ်ခြားခဲ့ရ၏။ ရေမြေတား၍ လူအနေခြားခဲ့ရ၏။ ယခုမူ တောကွယ်၍ တောင်မခြားပါ၊ လူခြား၍သာ ခြားနေပါ၏။ ချောင်းတား၍ မြစ်မခြားပါ၊ လူခြား၍သာ ခြားနေပါ၏။ ရေမြေတား၍ လူအနေလည်း မခြားတော့ပါဟု မြန်မာနိုင်ငံ၏ သမိုင်းသစ်ကို ကမ္ပည်းတင်နေသော တပ်မတော်အစိုးရက မော်ကွန်းသစ်ကို ပြုပြင်ရေးသားနေပြီ ဖြစ်၏။

တစ်ချိန်တုန်းဆီက ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း၏ နယ်စွန်နယ်ဖျား အရပ်ဒေသများ၌ ယမ်းခိုးယမ်းငွေ့များကြားဝယ် တိုင်းရင်းသားတို့၏ အပြုံးပန်းများ မြေခခဲ့ရသလို အသက်ရှုမဝ မွန်းကျပ်ခဲ့ရ၏။ သေနတ်သံ၊ ဗုံးသံ၊ အမြောက်သံများကြားဝယ် ဗုံသံ၊ မောင်းသံ၊ အိုးစည်သံများလည်း ငြိမ်သက်ခဲ့ရ၏။

ယခုအခါမူ တပ်မတော်အစိုးရ၏ စေတနာကြောင့် နေလာလျှင်နှင်းပျောက်သည့်နှယ် ယမ်းခိုးယမ်းငွေ့များ ဆိတ်သုဉ်းပြီး တိုင်းရင်းသားများ၏ အပြုံးပန်းတို့ ပွင့်လန်း၍ အသက်ရှုချောင်ကာ အေးချမ်းပျော်ရွှင်စွာ နေထိုင်နိုင်တော့၏။ သေနတ်သံ၊ ဗုံးသံ၊ အမြောက်သံများလည်း ဆိတ်သုဉ်းကာ ဗုံသံ၊ မောင်းသံ၊ အိုးစည်သံများ တစ်ခါပြန်အသက်ဝင်ဟိန်းညံလာတော့၏။

လက်ရှိအခြေအနေကောင်းများ ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် "စည်းလုံးခြင်းသည်အင်အား" ဆိုသည့်အတိုင်း တိုင်းရင်းသားများ အချင်းချင်း စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ကူညီရိုင်းပင်းခြင်း၊ ခွင့်လွှတ်နားလည်ခြင်းတရားများ အစဉ်ထားရှိ မွေးမြူသွားရန် လိုအပ်ပါသည်။

အနာဂတ်ဝယ် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ မှီတင်းနေထိုင်ကြကုန်သော ပြည်ထောင်စုဖွား တိုင်းရင်းသားများအနေဖြင့် တစ်ခုတည်းသော အမိမြေ၊ အမိနိုင်ငံအတွင်း အေးချမ်းတည်ငြိမ်သော ဘဝ၊ ပျော်ရွှင်ချမ်းမြေ့သော ဘဝကိုယ်စီဖြင့် ဥမကွဲသိုက်မပျက် နေထိုင်သွားနိုင်ဖို့အတွက် ချစ်ခြင်းတရားများနှင့် အမုန်းမပွားခြင်း၊ သုခ၊ ဒုက္ခဟူသမျှကို ဝေမျှခံစားခြင်း၊ ကြီးပွားချမ်းသာအောင် လက်တွဲကြိုးပမ်းခြင်း၊ ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်း ညီရင်းအစ်ကိုပမာ ပေါင်းသင်းဆက်ဆံခြင်းစသည့် ဗြဟ္မစိုရ်တရားကို လက်ကိုင်ထားရန် လိုအပ်လှပါသည်။

ပြည်ထောင်စု၏အင်အား၊ ပြည်ထောင်စု၏စိတ်ဓာတ် တည်တံ့ခိုင်မြဲနေသရွေ့ ကမ္ဘာတွင် မြန်မာရှိနေမည်ဖြစ်ရာ ပြည်ထောင်စုစိတ်ဓာတ်ကို ထာဝစဉ် ရှင်သန်ထက်မြက်အောင် ကြိုးပမ်းရင်း ပြည်ထောင်စု၏အလှကို ဆက်လက်ခြယ်သသွားကြပါစို့ဟု စေတနာလက်ဖြင့် ဤစာထက်တွင် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

■ **ရွှေဖုံးမှ**

ရှေးဦးစွာ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် နိုင်ငံတော်၏ ဒေသအသီးသီးက စုစည်းရောက်ရှိလာကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားကိုယ်စားလှယ် သွေးသားရင်းချာများကို ယခုကဲ့သို့ တစ်စုတစ်ဝေးတည်း တွေ့ဆုံရသည့်အတွက် လှိုက်လှိုက်လှဲလှဲ ကြည်နူးဝမ်းသာမှုဖြစ်ရပါကြောင်းကို ဦးစွာပြောကြားလိုပါကြောင်း။

စုံစုံညီညီတက်ရောက်

ယခုနှစ် ကျင်းပမည့် ပြည်ထောင်စုနေ့၏ ထူးခြားချက်များသည် နှစ်ပေါင်း(၆၀)ပြည့်မြောက်သည့် ပြည်ထောင်စုနေ့ဖြစ်ခြင်း၊ မြန်မာနိုင်ငံ၏ မြို့တော်သစ်ဖြစ်သည့် နေပြည်တော်တွင် ပထမဆုံးအကြိမ် ကျင်းပသည့် ပြည်ထောင်စုနေ့ဖြစ်ခြင်းနှင့် ယခင်နှစ်များကဲ့သို့ ပြည်နယ်များက တိုင်းရင်းသား ကိုယ်စားလှယ်များသာမက တိုင်းအသီးသီးက တိုင်းရင်းသားကိုယ်စားလှယ်များပါ စုံစုံညီညီတက်ရောက်သည့် ပြည်ထောင်စုနေ့ဖြစ်ခြင်းဆိုသည့် ထူးခြားချက်များ ရှိပါကြောင်း။

မြန်မာတိုင်းရင်းသားအားလုံးသည် မြန်မာနိုင်ငံ နယ်နိမိတ်ပြင်ပ အခြားနေရာဒေသများက ပြောင်းရွှေ့လာသည့် လူမျိုးများမဟုတ်ဘဲ ရှေးပဝေသဏီကာလကတည်းက မြန်မာ့မြေပေါ်တွင် ပေါက်ဖွားရှင်သန် ကြီးပြင်းလာကြသည့် ပြည်ထောင်စု တိုင်းရင်းသားစစ်စစ်များဖြစ်ကြောင်း၊ လူ့သမိုင်းဖြစ်စဉ်၌ ရှိခဲ့သည့် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်များသည် မြန်မာ့မြေပေါ်တွင် အဆင့်ဆင့်ဖြစ်ထွန်းလာခဲ့ပြီး လူသားမျိုးနွယ်စုများသည်လည်း ထိုခေတ်များအလိုက် မြန်မာ့မြေပေါ်တွင်ပင် ရှိခဲ့သည်ဆိုသည်မှာ ခိုင်မာသော သမိုင်းအထောက်အထားများ ရှိပြီးဖြစ်ကြောင်း။

မျိုးဆက်ရှည်ကြာ

ဤမျိုးနွယ်စုများသည် အမိမြေပေါ်တွင် ရေကြည်ရာမြက်နုရာရှာဖွေသွားလာကြရင်း ပထဝီဝင်အနေအထား၊ ရာသီဥတု၊ အချိန်ကာလဆိုသည့် အကြောင်းတရားများကြောင့် အသားအရောင်၊ ပုံသဏ္ဌာန်၊ ဘာသာစကားများ ကွဲပြားခြားနားလာကြခြင်းဖြစ်သော်လည်း စင်စစ်အားဖြင့် ဤမြေပေါ်တွင် မျိုးဆက်ရှည်ကြာစွာ ပေါက်ဖွားရှင်သန်လာခဲ့ကြသည့် သွေးချင်းသားချင်း ညီနောင်ရင်းများသာဖြစ်သည်ဆိုသည်မှာ တိုင်းရင်းသားအားလုံး ခံယူထားရမည့် အခြေခံသဘောတရားပင် ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ တစ်နံတစ်လျားတွင် တိုင်းရင်းသားမျိုးနွယ်စုပေါင်း တစ်ရာကျော်သည် ရိုးသားဖြူစင်ခြင်း၊ သနားကြင်နာခြင်း၊ စာနာထောက်ထားခြင်း၊ ရိုင်းပင်းကူညီခြင်း၊ အေးချမ်းစွာ နေထိုင်လိုခြင်းစသည့် တူညီသည့် စရိုက်လက္ခဏာများနှင့် မိသားစုစိတ်ဓာတ်ကို အခြေခံပြီး သုခ၊ဒုက္ခ ဟူသမျှကို မျှဝေခံစားကြရင်း ပေါင်းစည်းယှက်နွယ်နေထိုင်ခဲ့ကြသည်မှာ လူ့သမိုင်းအစမှသည် ယနေ့ကာလတိုင်ပင် ဖြစ်ပါကြောင်း။

မိသားစုကြီးတစ်ခု

ယနေ့ ကာလတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း တိုင်းရင်းသားလူမျိုးများ ခွေးရောယှက်တင် ပေါင်းစည်းနေထိုင်ကြသကဲ့သို့ ပြည်နယ်နှင့်တိုင်းဒေသအသီးသီးတွင်လည်း တိုင်းရင်းသားလူမျိုးများ အတူတကွ ပေါင်းစည်းယှဉ်တွဲနေထိုင်လျက်ရှိကြသည်သာမက သွေးသားရောနှောပြီး မိသားစုကြီး တစ်ခုကဲ့သို့ ဖြစ်တည်လျက်ပင်ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

"ပြည်ထောင်စုဖွား တိုင်းရင်းသား လူမျိုးတွေဟာ တစ်ဦးနဲ့တစ်ဦး စိတ်ဝမ်း မကွဲမပြားနဲ့ ချစ်ချစ်ခင်ခင် နေထိုင်လာခဲ့ကြတယ်။ ဒီအစဉ်အလာ ကောင်း စိတ်ဓာတ်ကောင်းကို ပိုမိုခိုင်မာလာအောင်၊ တောင့်တင်းလာအောင် အစဉ်ထာဝရ ကြံဆောင်ရင်း ပြည်ထောင်စုကြီးကိုလည်း အမြဲတမ်း တစည်းတလုံးတည်း တည်ရှိနေအောင် ဒို့တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြဖို့ တာဝန်ရှိတယ်"

ဟု ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့သင်တန်း အမှတ်စဉ်(၃၈) သင်တန်းသား သင်တန်းသူများကို ဩဝါဒစကားမြွက်ကြားရာတွင် အထက်ပါကဲ့သို့ လမ်းညွှန်ပြောကြားခဲ့ပါကြောင်း။

ဥမကွဲသိုက်မပျက်

နိုင်ငံတော်အကြီးအကဲ လမ်းညွှန်သည့်အတိုင်း မိမိတို့ တိုင်းရင်းသားများသည် လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ တစ်ဦးနှင့်တစ်ဦး ပေါင်းစည်းယှက်နွယ်နေထိုင်ကြရာ၌ ကျဉ်းမြောင်းသည့် လူမျိုးရေးစိတ်ဓာတ်များ ဖယ်ခွာပြီး ညီအစ်ကိုမောင်နှမများ ချစ်ချစ်ခင်ခင် သိုက်သိုက်ဝန်းဝန်း အေးအေးချမ်းချမ်း ဥမကွဲသိုက်မပျက် အကျိုးတူပူးပေါင်းကာ မိသားစုစိတ်ဓာတ်ဖြင့် နေထိုင်ကြရမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သမိုင်းဖြစ်စဉ်များသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြစ်စဉ်များနှင့် တစ်ဆက်တစ်စပ်တည်းရှိနေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာ စုစည်းတည်ဆောက်နိုင်သည့်ကာလများ၌ နိုင်ငံတော်၏ အင်အားတောင့်တင်းခိုင်မာမှုနှင့်အတူ အာရှဒေသတစ်ခွင်တွင် ထင်ရှားပြီး နိုင်ငံအများက လေးစားခံ့ညားရသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့ကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်မှု လျော့ပါးသည့်ကာလများ၌ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လုံခြုံရေးအခြေအနေများ နိမ့်ပါးပြီး ပြည်ပ၏ ကျူးကျော်မှုများ၊ အချုပ်အခြာအာဏာကို ထိပါးစော်ကားမှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်ကိုသမိုင်းတွင် အထင်အရှားတွေ့ရမည်ဖြစ်ကြောင်း။

မိသားစုစိတ်ဓာတ်

ထို့ကြောင့် ပြည်ထောင်စုကြီး အရှည်တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတကာ့အလယ်တွင် ခေတ်မီဖွံ့ဖြိုးသည့် နိုင်ငံကြီးအဖြစ် ဝင့်ဝင့်ထည်ထည်ရပ်တည်နိုင်ရေးသည် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးအားလုံး၏ စည်းလုံးညီညွတ်မှု၊ သေအတူ ရှင်မကွာ အမြဲထာဝရ ပေါင်းစည်းနေထိုင်သွားမည်ဆိုသည့် မိသားစုစိတ်ဓာတ် နှီးကြားခိုင်မာမှုတို့အပေါ်တွင် အဓိက တည်နေသည်ဆိုသည်မှာ ထင်ရှားကြောင်း။

ကမ္ဘာ၌ ကိုလိုနီနယ်ချဲ့စနစ် ကြီးထွားခဲ့သည့် (၁၉)ရာစု နှောင်းပိုင်းကာလတွင် မြန်မာနိုင်ငံကို အုပ်ချုပ်နေသည့် ပဒေသရာဇ်များအတွင်း သွေးကွဲအောင် ကိုလိုနီနယ်ချဲ့နိုင်ငံများက ဖန်တီးပြီး စည်းလုံးညီညွတ်မှု ပျက်ပြားချိန်တွင် ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲပြီး မြန်မာနိုင်ငံတော်ကြီးကို သိမ်းပိုက်၍ မြန်မာတိုင်းရင်းသားများကို ကျွန်ပြုအုပ်ချုပ်ခဲ့ကြောင်း။

သပ်လျှိုသွေးခွဲ

ကိုလိုနီနယ်ချဲ့များအနေဖြင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းအစရှိသည့် မြန်မာတိုင်းရင်းသားများသည် တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသည့် သွေးချင်းသားချင်းများဖြစ်ခြင်း၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ကြခြင်းများကို သဘောပေါက်ကြသည့်အလျောက် ပြည်ထောင်စုစိတ်ဓာတ်၏ အခြေခံအုတ်မြစ်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပျက်ပြားအောင် အစီအစဉ်တကျ သပ်လျှိုသွေးခွဲပြီး မြန်မာနိုင်ငံနှင့် မြန်မာတိုင်းရင်းသားများကို ရေရှည်ကျွန်ပြု အုပ်ချုပ်နိုင်စေရန် ကြံစည်လုပ်ဆောင်ခဲ့ကြကြောင်း။

မြန်မာတိုင်းရင်းသားများအနေဖြင့် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် မြန်မာနိုင်ငံ ပြန်လည်ထူထောင်နိုင်ရန် ကိုလိုနီနယ်ချဲ့စနက်ကြောင့်ဖြစ်ခဲ့ရသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား တစ်ဦးနှင့်တစ်ဦး အထင်အမြင်လွဲမှား သံသယပွားခဲ့ရမှုများကို ချေဖျက်ပြီးတိုင်းရင်းသား စည်းလုံးညီညွတ်မှုကို မဖြစ်မနေ ပြန်လည်တည်ဆောက်ခဲ့ကြောင်း။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် အားလုံးသိသည့်အတိုင်း ပင်လုံမြေ၌ တိုင်းရင်းသားခေါင်းဆောင်များစုဝေးပြီး တိုင်းရင်းသားများနေထိုင်ရာနယ်မြေဒေသအားလုံး တစ်လက်မ မကျန် လွတ်လပ်ရေးရယူကြမည်ဆိုသည့် ခိုင်မြဲသော သန္နိဋ္ဌာန်ဖြင့် သမိုင်းဝင်ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးကာ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အခိုင်အမာပြသနိုင်ခဲ့သည့်အတွက် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် အချုပ်အခြာအာဏာပိုင်လွတ်လပ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်၌ ခံ့ခံ့ထည်ထည် ပြန်လည်ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း။

အမျိုးသားရေးဦးတည်ချက်

ထို့ကြောင့် လွတ်လပ်ရေးအတွက် သန္ဓေတည်ပေးခဲ့သည့်နေ့၊ ပြည်ထောင်စုကြီး အစဉ်ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် အသက်တမျှ အရေးကြီးသည့်နေ့၊ မြန်မာနိုင်ငံသမိုင်းတွင် အစဉ်အမြဲ အောက်မေ့တသနေရမည့်နေ့စသည့် နိုင်ငံရေးအဓိပ္ပာယ် အလွန်လေးနက်သော ဖေဖော်ဝါရီ ၁၂ ရက်ကို

ဟန့်တားနှောင့်ယှက်မှုနည်းမျိုးစုံကို အမျိုးသားရေးသတိဖြင့်ကာကွယ်

ယခုကဲ့သို့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာတောင့်တင်းနေချိန်၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းကြီးများကို နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူများ တစ်စိတ်တည်းတစ်ဝမ်းတည်း လက်တွဲညီညီ အားသွန်ခွန်စိုက် အကောင်အထည်ဖော်လျက်ရှိနေချိန်၊ နိုင်ငံတော်နှင့် တိုင်းရင်းသားအားလုံးအတွက် အသက်တမျှ အရေးကြီးသည့် အမျိုးသားညီလာခံကြီး အရှိန်အဟုန်ဖြင့် ကျင်းပနေချိန်တွင် အနောက်အုပ်စုနိုင်ငံကြီး အချို့က အမျိုးသားသစ္စာဖောက် ပုဆိန်ရိုးတစ်စုကို အသုံးချပြီး တိုင်းရင်းသားပြည်သူများအတွင်း စည်းလုံးညီညွတ်မှုပြိုကွဲအောင်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးအောင်၊ အမျိုးသားညီလာခံကြီး ပျက်ပြားအောင် ဟန့်တားနှောင့်ယှက်မှုများ နည်းမျိုးစုံသုံးပြီး ဆောင်ရွက်နေကြသည့်အတွက် ထိုအန္တရာယ်များကို အမျိုးသားရေးသတိဖြင့် ကာကွယ်။

"ပြည်ထောင်စုနေ့" ဟုသတ်မှတ်ပြီး နှစ်စဉ်နှစ်တိုင်း ထိုနေ့ရက်တွင် ပြည်ထောင်စုနေ့ အခမ်းအနားများကို နိုင်ငံတစ်ဝန်းလုံး၌ အမျိုးသားရေးဦးတည်ချက်များ ချမှတ်ပြီး နိုင်ငံရေးအနှစ်သာရရှိရှိ ထည်ထည်ဝါဝါကျင်းပနေခြင်းပင် ဖြစ်ကြောင်း။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည့် နောက်တွင်လည်း ကိုလိုနီနယ်ချဲ့တို့၏ အန္တရာယ်က မအေးသေးဘဲ ကိုလိုနီနယ်ချဲ့လက်သစ်များ၏ လူမျိုးရေး ပဋိပက္ခဖြစ်အောင် သပ်လျှိုသွေးခွဲမှုများ၊ ဝါဒရေးရာအရ ဖြားယောင်းသိမ်းသွင်းမှုများကြောင့် ရောင်စုံလက်နက်ကိုင် ဆူပူသောင်းကျန်းမှုများ တစ်နိုင်ငံလုံးတွင် အပြင်းအထန် ပေါ်ပေါက်ခဲ့ပြီး လွတ်မြောက်စ မြန်မာနိုင်ငံနှင့် နိုင်ငံသား တိုင်းရင်းသားများသည် ကိုလိုနီလက်သစ်များ၏ သြဇာခံ၊ ခြယ်လှယ်ခံ၊ ကြိုးဆွဲခံဘဝသို့ ရောက်ရတော့မည့် အခြေအနေဖြစ်ခဲ့ကြောင်း။

ထိုအခြေအနေတွင် တပ်မတော်က နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူများအပေါ် သစ္စာရှိရှိ၊ တာဝန်သိသိရပ်တည်ပြီး သောင်းကျန်းမှုဟူသမျှကို စွမ်းစွမ်းတမံ ရှပ်ရှပ်ချွန်ချွန် အသက်၊ သွေးဖြင့် ရင်းနှီးတိုက်ခိုက်ခဲ့သည့်အတွက် မြို့ပြအများစုသည် ငြိမ်းချမ်းမှုရခဲ့သော်လည်း ကျေးလက်တောရွာများ၊ အထူးသဖြင့် နယ်စပ်ဒေသများက တိုင်းရင်းသားပြည်သူများသည် ကျီးလန့်စာစားဘဝဖြင့် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ရပြီး အသက်သွေးချွေးများ အမြောက်အမြား ဆုံးရှုံးခဲ့ရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ပြုစုစောင့်ရှောက်ပေးနေပြီ ဖြစ်သည့်အတွက် ဒေသခံတိုင်းရင်းသားများ၏ ကျန်းမာရေးအခြေအနေများ တိုးတက်ကောင်းမွန်လာပြီး ဒေသခံတိုင်းရင်းသားများ၏ လူ့သက်တမ်းသည်လည်း မြင့်မားလာနေပြီဖြစ်ကြောင်း။

အောင်မြင်ဖြစ်ထွန်း

စီးပွားရေးဘက်၌လည်း ဘိန်းအစားထိုး သီးနှံများအဖြစ် ရာသီအလိုက် သီးနှံနှင့် နှစ်ရှည်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်အောင် နိုင်ငံတော်က စီမံပံ့ပိုးပေးသည့်အတွက် ထွက်ရှိသည့် သီးနှံများကို အနီးအနားပတ်ဝန်းကျင် ဒေသများနှင့် တစ်ဖက်နိုင်ငံများကိုပါ တင်ပို့ရောင်းချနိုင်သည့်အခြေအနေအထိ ဖြစ်ထွန်းလျက်ရှိပြီ ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းတွင်လည်း ကြက်၊ ဝက်၊ သားငါးများကို တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်ခြံကြီးများအထိ မွေးမြူနေကြပြီ ဖြစ်ကြောင်း၊ ရေအားလျှပ်စစ်စက်ရုံနှင့်တကွ ကုန်ထုတ်စက်ရုံ၊ အလုပ်ရုံများ ပေါ်ထွန်းလာပြီ ဖြစ်သကဲ့သို့ ဟိုတယ်ကြီးများ တည်ဆောက်ပြီး ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းများ ဆောင်ရွက်လာသည်အထိ စီးပွားရေးလုပ်ငန်းများ အခြေကျအောင်မြင်ဖြစ်ထွန်း နေပြီဖြစ်ကြောင်း။

ခေတ်အဆက်ဆက်၌ ဝေးလံခေါင်သီပြီး လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသည့် စီးပွားရေးဖွံ့ဖြိုးမှု နောက်ကျကျန်ရစ်ပြီး လူမှုဘဝ ပြည့်စုံမှု

အတွင်း စည်းလုံးညီညွတ်မှုပြိုကွဲအောင်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးအောင်၊ အမျိုးသားညီလာခံကြီး ပျက်ပြားအောင် ဟန့်တားနှောင့်ယှက်မှုများ နည်းမျိုးစုံသုံးပြီး ဆောင်ရွက်နေကြသည့်အတွက် ထိုအန္တရာယ်များကို အမျိုးသားရေး သတိဖြင့် ကာကွယ်သွားကြရန် လိုမည်ဖြစ်ကြောင်း။

အပြန်အလှန်ဖလှယ်

ယခုကဲ့သို့ ပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ်အခမ်းအနားကြီးတွင် တစ်နိုင်ငံလုံးက တိုင်းရင်းသားညီအစ်ကိုမောင်နှမ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ ပြည်ထောင်စုမြန်မာနိုင်ငံ၏ နေပြည်တော်၌ဆုံဆည်းကြတုန်း မိမိတို့ကိုယ်စီ၌ ရှိနေသည့် မြတ်နိုးဖွယ်ရာ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာများကို အချင်းချင်း အပြန်အလှန် ဖလှယ်နိုင်ကြမည်ဖြစ်သည့်အပြင် ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားရိုးရာယဉ်ကျေးမှုချင်း ပေါင်းစည်း ယှက်နွှယ်ဖြစ်ထွန်း နေမှုကိုလည်း ကိုယ်တွေ့မျက်မြင် သိရှိခံစားနိုင်ကြမည် ဖြစ်ကြောင်း။

ယင်းသို့ သိမြင်ခံစားကြရင်း တိုင်းရင်းသားလူမျိုးအားလုံး၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာများ၊ အမျိုးအနွယ်ကို စောင့်ရှောက်ထိန်းသိမ်းသည့် အလေ့အထကောင်းများ ပွားများဖြန့်ဝေပေးကြပါ၊ မိမိတို့ဒေသ၌ တိုးတက်ဖြစ်ပေါ် ပြောင်းလဲနေသည့် အခြေအနေကောင်းများကို တစ်ဦးနှင့်တစ်ဦး အသိပေးရင်း အမြင်ချင်းဖလှယ်ကြပါဟု မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့၏ အမျိုးသားရေးဦးတည်ချက်များဖြစ်သည့်–

- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊**
- **တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊**
- **ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊**
- **နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုး တိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး**

တို့ကို အမျိုးသားရေးတာဝန်အဖြစ် အလေးအနက်ခံယူကြပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းရေးလုပ်ငန်းကြီးတွင် မိမိတို့ကျရာကဏ္ဍက ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

(သတင်းစဉ်)

ဒေသဖွံ့ဖြိုးတိုးတက်ရေး၏အခြေခံများ ဦးစားပေးဆောင်ရွက်ပေးခဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အပြန်အလှန်အထောက်အကူပြု

တစ်စိတ်တည်းတစ်ဝမ်းတည်း

မြန်မာနိုင်ငံသည် **"ပြည်ထောင်စုနိုင်ငံ"** ဖြစ်သည့်အတွက် ပြည်ထောင်စုအတွင်း နေရာဒေသအနှံ့အပြား၌ နေထိုင်ကြသည့် တိုင်းရင်းသားမျိုးနွယ်စုများအကြား တစ်စိတ်တည်းတစ်ဝမ်းတည်း၊ တစ်ဦးပေါ်တစ်ဦး နားလည်စာနာမှု၊ သည်းခံခွင့်လွှတ်မှု၊ အပြန်အလှန် ရိုင်းပင်းကူညီဖေးမမှု၊ အပြန်အလှန်မှီခိုအားထားယုံကြည်မှု စသည့် စိတ်ဓာတ်ရေးရာ အခြေခံကောင်းများဖြစ်ထွန်းပြီး ထိုအခြေခံကောင်းများ က ပေါက်ဖွားလာသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ် ထာဝရ မြဲမြံခိုင်မာနေရန်လိုကြောင်း သမိုင်းဖြစ်ရပ်မှန်များက ပြဆိုလျက်ရှိကြောင်း။

ဤကဲ့သို့ တိုင်းရင်းသားများအကြား စည်းလုံးညီညွတ်မှု ခိုင်မြဲနေမှသာ ပြည်ထောင်စုကြီးသည် အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ရေရှည်တည်တံ့ခိုင်မြဲမည်ဖြစ်သည့်အတွက် မိမိတို့တပ်မတော်အစိုးရအနေဖြင့် "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး" ဆိုသည့် ပြည်ထောင်စုနိုင်ငံတော်နှင့် လိုက်လျောညီထွေရှိသည့် အမျိုးသားရေးမူဝါဒကို ချမှတ်ပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စု ထာဝစဉ်ရှင်သန်ထွန်းကားရေးကို အလေးပေး ဆောင်ရွက်ခဲ့ပါကြောင်း။

ငြိမ်းချမ်းသာယာ

ယင်းသို့ အမျိုးသားရေးမူဝါဒအပေါ် အခိုင်အမာရပ်တည်ပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို စိတ်ရှည်လက်ရှည်ဖြင့် ပြန်လည်တည်ဆောက်နိုင်ခဲ့သည့်အတွက် တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား နှစ်ပေါင်း ၄၀ ကျော် ဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများကို ချုပ်ငြိမ်းစေနိုင်ခဲ့ပြီး၊ နယ်စပ်ဒေသများ၌ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခြေခံသည့် တည်ငြိမ်အေးချမ်းမှု၊ ငြိမ်းချမ်းသာယာမှုများ ရရှိခဲ့သည်ကို အားလုံးမျက်မြင်ကိုယ်တွေ့ပင် ဖြစ်ကြောင်း။

တည်ငြိမ်အေးချမ်းမှုမရှိခဲ့သည့်အတွက် ဒေသဖွံ့ဖြိုးရေးကို အစိုးရအဆက်ဆက် ဆောင်ရွက်မပေးနိုင်ခဲ့၍ နယ်စပ်ဒေသနေ တိုင်းရင်းသားများ၏ လူမှုစီးပွားရေးဘဝ အဘက်ဘက်က နိမ့်ကျခဲ့ရသည့် အခြေအနေများက လွတ်မြောက်ပြီး အလျင်အမြန် ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေကိုယ်တိုင် ဦးဆောင်သည့် နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ ကွပ်ကဲမှုအောက်တွင် လုပ်ငန်းကော်မတီ၊ ဒေသဆိုင်ရာကော်မတီများနှင့် ဆပ်ကော်မတီများအပြင် ဝန်ကြီးဌာနတစ်ခုကိုပါ ထပ်မံဖွဲ့စည်းပြီး စနစ်တကျ စီမံကိန်းရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

ဤကဲ့သို့ ဆောင်ရွက်ရာတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံများဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ၊ လျှပ်စစ်စွမ်းအားလုပ်ငန်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သတ္တုရှာဖွေရေး စသည့် လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ အခြေခံလူ့အခွင့်အရေးများ ပြည့်ဝအောင် ဖြည့်ဆည်းပေးခဲ့ကြောင်း။

အားတက်ဝမ်းမြောက်

ထို့ကြောင့် တစ်နေရာကတစ်နေရာ သွားလာရေးအလွန်ခက်ခဲသည့် နယ်စပ်ဒေသများသည် ရာသီမရွေး ဥဒဟိုသွားလာနိုင်သည့် ဒေသများဖြစ်လာပြီး သိသိသာသာ တိုးတက်ဖြစ်ထွန်းလာသည်ကို တွေ့မြင်နေကြရပြီဖြစ်ကြောင်း၊ ယခင်က ရွာငယ်များသာရှိခဲ့သည့် နေရာများ၌ ယခုအခါ တိုက်တာ အဆောက်အအုံများ၊ ကျောင်းများ၊ ဆေးရုံဆေးပေးခန်းများ၊ ဈေးများ၊ ရုံးများ၊ ဟိုတယ်များ၊ ပြတိုက်များ၊ ပန်းခြံများ၊ လျှပ်စစ်မီးများနှင့် တင့်တယ်လှပသည့် မြို့ကြီးပြကြီးများ ပေါ်ပေါက်နေပြီဖြစ်သကဲ့သို့ ထိုမြို့များ ရွာများက အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် ကျောင်းသူ ကျောင်းသား လူငယ်လူရွယ်များသည် ပျော်ရွှင်ချမ်းမြေ့စွာ ခေတ်မီသင်ထောက် ကူပစ္စည်းများကို အသုံးပြုပြီး အခြေခံပညာသာမက အဆင့်မြင့်ပညာများကိုပါ သင်ယူနိုင်ကြပြီဖြစ်၍ နိုင်ငံတော်၏ အနာဂတ်အတွက် လွန်စွာ အားတက်ဝမ်း မြောက်ဖွယ် ဖြစ်ကြောင်း။

ထိုမျှမက ဆေးရုံ၊ ဆေးပေးခန်း၊ သားဖွားခန်းစသည့် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် နေရာများတွင် ဆရာဝန်၊ သူနာပြု၊ သားဖွားဆရာမစသည့် ကျန်းမာရေးဝန်ထမ်းများက ဒေသခံတိုင်းရင်းသားများ၏ ကူးစက်ရောဂါ၊ နာတာရှည်ရောဂါ၊ ရာသီအလိုက်ဖြစ်ပေါ်တတ်သည့် ရောဂါများကို စေတနာထား

မရှိသည့် တိုင်းရင်းသားများနေထိုင်ရာ နယ်စပ်ဒေသများသည် ယခုအခါတွင် လမ်းများ၊ တံတားများ၊ ခေတ်မီဆက်သွယ်ရေးစနစ်များဖြင့် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာသကဲ့သို့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလက်မှု၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းစသည့် စီးပွားရေးဘဝများ ဖွံ့ဖြိုးတိုးတက်လာသည်သာမက ကျောင်း၊ ဆေးရုံ၊ ဆေးပေးခန်း စသည့် လူမှုရေးပတ်ဝန်းကျင်ကောင်းများဖြင့်လည်း ပြည့်စုံနေကြပြီဖြစ်ကြောင်း။

ပိုမိုခိုင်မာ

အထူးသဖြင့် မြန်မာနိုင်ငံ၏ တောတောင်၊ လွင်ပြင်၊ မြစ်ချောင်း အင်းအိုင် ပေါများကြွယ်ဝပြီး ရေခြားမြေခြားဖြစ်နေသည့် ရေမြေသဘာဝ ကွာခြားမှုများကို ကိုလိုနီနယ်ချဲ့တို့က တစ်လွဲအမြတ်ထုတ် အသုံးချပြီး တောင်ပေါ်နှင့် မြေပြန့်၊ ပြည်နယ်နှင့် ပြည်မ တမင်ခွဲခြားဖန်တီး သွေးခွဲအုပ်ချုပ်ခဲ့သည့်အတွက် ဖြစ်ပေါ်လာခဲ့ရသော တိုင်းရင်းသားလူမျိုးအချင်းချင်း အနေစိမ်းခဲ့မှု၊ အဆက်အဆံ နည်းခဲ့မှု ဆိုးမွေများသည် ယခုဆိုလျှင် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာမှု၏ အကျိုးကျေးဇူးကြောင့် တဖြည်းဖြည်း ပပျောက်လာခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများအချင်းချင်း ဆက်သွယ်ဆက်ဆံမှု၊ အပြန်အလှန် အမှီသဟဲပြုမှုတို့တိုးပွားလာပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည်လည်း ပိုမိုခိုင်မာလာနေပြီ ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်နေသကဲ့သို့ တစ်ဖက်ကလည်း နိုင်ငံနှင့်အဝန်း ကျေးလက်နှင့် မြို့ပြ စီးပွားရေးဘဝနှင့် လူမှုရေးဘဝ ကွာဟချက်နည်းပြီး ကျေးလက်ဒေသများတွင် လူမှုစီးပွားရေး အခြေအနေများ တိုးတက်ကောင်းမွန်လာစေရန်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်းကို ချမှတ်အကောင်အထည်ဖော်ခဲ့ရာတွင် ယခုအခါ ကျေးလက်ဒေသများသည် မြို့ပြများနှင့်မခြား ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ကြောင်း၊ ထို့အပြင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်ထောင်စုကြီး သန္ဓေတည်ရာ ပင်လုံမြေအပါအဝင် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု စီမံကိန်းကိုလည်း ပြည်နယ်နှင့်တိုင်းအားလုံး၌ တစ်ပြေးညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေကြောင်း။

အထောက်အကူပြု

ထိုစီမံကိန်းကြီးများ အကောင်အထည်ဖော်ဖြစ်ထွန်းမှုနှင့်အတူ တစ်နိုင်ငံလုံး အချိုးကျကျ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အပြန်အလှန်အားဖြင့် အထောက်အကူပြုလျက်ရှိနေကြောင်း။

ယခုဆိုလျှင် ပြည်ထောင်စုကြီး အေးချမ်းသာယာဝပြောစွာဖြင့် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရေး၊ တစ်မျိုးသားလုံး လိုလားတောင့်တအပ်သော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြောင်း၊ ယင်းနိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမဆုံးနှင့် အဓိကအကျဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကြီး အောင်အောင်မြင်မြင် ဆောင်ရွက်နေပြီလည်းဖြစ်ပါကြောင်း။

အမျိုးသားရေးတာဝန်

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဥမကွဲသိုက်မပျက် အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးသည် တိုင်းရင်းသားပြည်သူအားလုံးအတွက် အသက်တမျှ အရေးကြီးသည်ဆိုသည်ကို စွဲမြဲစွာ ယုံကြည်ခံယူကြပြီး အမျိုးသားညီလာခံကြီး အောင်မြင်ဖြစ်ထွန်းရေးကစ၍ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော် ပြည့်မြောက်သည်အထိ တိုင်းရင်းသားပြည်သူအားလုံးက မိမိတို့ကျရာအခန်းကဏ္ဍက အမျိုးသားရေးတာဝန် ကျေပွန်စွာ ပါဝင်ထမ်းရွက်သွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

ယခုကဲ့သို့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာတောင့်တင်းနေချိန်၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းကြီးများကို နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူများ တစ်စိတ်တည်းတစ်ဝမ်းတည်း လက်တွဲညီညီ အားသွန်ခွန်စိုက် အကောင်အထည်ဖော်လျက်ရှိနေချိန်၊ နိုင်ငံတော်နှင့် တိုင်းရင်းသားအားလုံးအတွက် အသက်တမျှ အရေးကြီးသည့် အမျိုးသားညီလာခံကြီး အရှိန်အဟုန်ဖြင့် ကျင်းပနေချိန်တွင် အနောက်အုပ်စုနိုင်ငံကြီးအချို့က အမျိုးသားသစ္စာဖောက် ပုဆိန်ရိုးတစ်စုကို အသုံးချပြီး တိုင်းရင်းသားပြည်သူများ

ဖေဖော်ဝါရီ ၂ရက်က အမက (၁၆) စမ်းချောင်း၌ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းဝင်းငွေနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

❐ ကျောဖုံးမှ

သို့ဖြစ်၍ ဖောက်ခွဲဖျက်ဆီးမှုနှင့် ဆူပူအုံကြွမှုများ ဆက်စပ်ဖြစ်ပွားအောင် ပူးပေါင်းလုပ်ဆောင်လာမည့် ပြည်တွင်း နိုင်ငံရေးဆန့်ကျင်လှုပ်ရှားသူများနှင့် အကြမ်းဖက် အဖျက်အမှောင့်သမားများ၏ လုပ်ရပ်ကို တားဆီးတိုက်ဖျက် ချေမှုန်းနိုင်ရေးအတွက် ဆောင်ရွက်ထားရှိသော လုံခြုံရေးအစီအမံများနှင့် အညီ ပါဝင်ပူးပေါင်းကူညီကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● ကျောဖုံးမှ

ယခု ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၈ရက် ည ၉နာရီ ၁၀မိနစ်အချိန်ခန့်တွင် အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးသမားတစ်ဦးသည် ပဲခူးတိုင်း ကျောက်တံခါးမြို့ရှိ ဂျာမေဗလီအုတ်နံရံဝင်းအတွင်း ဝင်ရောက်၍ ချိန်ကိုက်မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားပြီး သေဆုံးသွားကြောင်းသိရသည်။

သေဆုံးသူ ဖောက်ခွဲဖျက်ဆီးရေးသမားသည် အသက်(၄၀) ဝန်းကျင်ခန့်ရှိပြီး ရင်ပတ်တွင် "ဟိန်းစိုင်းဆန်" ဟု ဆေးမင်ကြောင်ရေးထားကာ ခါးကြား၌ (၃၈)ဗို့ စပါယ်ရှယ် ခြောက်လုံးပြူး (ကျည်ဆန်ငါးတောင့်ပါဝင်) ထိုးထားကြောင်း တွေ့ရှိရသည်။ ထို့အပြင် ထိုအလောင်းအနီး၌ အသွားခြောက်လက်မရှိ ဓားမြှောင်တစ်ချောင်းနှင့် M (40) မိုင်းတစ်လုံးကိုလည်း ရှာဖွေတွေ့ရှိရသည်။

အဆိုပါ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးသမားသည် ရန်ကုန်–မန္တလေး ကားလမ်းအတိုင်း စက်ဘီးစီးလာပြီး မိုင်တိုင်အမှတ် (၁၁၅/၁)အရောက်၌ စက်ဘီးကို ပလက်ဖောင်းပေါ်တွင်လှဲကာ မိုင်တိုင်ပေါ်မှတစ်ဆင့် ဗလီအုတ်တံတိုင်းကို ကျော်ဝင်၍ အုတ်တံတိုင်းနှင့် တစ်ပေခန့်အကွာ၌ ချိန်ကိုက်မိုင်းထောင်နေစဉ် ယခုကဲ့သို့ ပေါက်ကွဲမှုဖြစ်ပွား သေဆုံးသွားခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

ယခုအခါ ပြည်တွင်းပြည်ပ အဖျက်သမားများသည် မြန်မာနိုင်ငံအပေါ် ဘာသာရေးကို ခုတုံးလုပ်ပြီး နိုင်ငံရေးအမြတ်ထုတ် လုပ်ကြံနိုင်ရန်အတွက် မဟုတ်မမှန်သော အကြောင်းပြချက်များ ထပ်မံဖန်တီးစွပ်စွဲလျက်ရှိရာ ဖော်ပြပါ ကျောက်တံခါးမြို့၌ မိုင်းထောင်ဖောက်ခွဲမှုလုပ်ရပ်သည် ဘာသာတစ်ခုနှင့်တစ်ခုအကြား အထင်အမြင်လွဲမှားမှုများဖြင့် ဆူပူအုံကြွမှုများဖြစ်ပွားအောင် ကြံစည်လုပ်ဆောင်လာခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ အများပြည်သူများအနေဖြင့် နိုင်ငံတော်က အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ချပြပေးနေသော ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အကြမ်းဖက် အဖျက်အမှောင့် လှုပ်ရှားမှုသတင်းများကို အထူးသတိပြု၍ လုံခြုံရေးသတိထားရှိကြရန်နှင့် အကြမ်းဖက် အဖျက်အမှောင့်သမားများ၏ လှုပ်ရှားမှုကို ဖော်ထုတ်ပြီး တာဝန်ရှိသူများထံ သတင်းပေးပို့ခြင်းဖြင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါ ကြောက်စရာကောင်း အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် တိုက်ဖျက်လျက်ရှိ

လူငယ်လူရွယ်များ သိရှိရှောင်ကြဉ်နိုင်ရန် အရေးကြီး

သတင်းမြင်ကွင်း – မြင့်မောင်စိုး
ဓာတ်ပုံ – သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၉

မြန်မာနိုင်ငံ ဆရာဝန်အသင်း၏ ကြီးကြပ်မှု ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ ပံ့ပိုးမှုဖြင့် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဗဟုသုတပွဲတော်ကို သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း၌ ဖေဖော်ဝါရီ ၉ ရက်မှ ၁၀ ရက်အထိ ကျင်းပလျက်ရှိသည်။

အဆိုပါ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဗဟုသုတပွဲတော်သို့ မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်၍ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဗဟုသုတများ တင်ပြပေးနိုင်ရန် သွားရောက်မေးမြန်းခဲ့ပါသည်။

ကျယ်ကျယ်ပြန့်ပြန့်

ရှေးဦးစွာ မြန်မာနိုင်ငံ ဆရာဝန်အသင်းနှင့် UNFPAတို့အကြား စီမံချက်ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်နေသော ဒေါက်တာမြင့်ဇော်က ပြောကြားရာတွင် "မိမိအနေဖြင့် လူငယ်ဖွံ့ဖြိုးရေး အစီအစဉ်၊ မိခင်မှကလေးသို့ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်တားဆီးကာကွယ်ရေး၊ မျိုးဆက်ပွားကျန်းမာရေးစီမံချက်တို့ အပါအဝင်စီမံချက်များ အကောင်အထည်ဖော်ရာတွင် ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပေးနေကြောင်း၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါအကြောင်း ပြည်သူအများကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် လိုက်နာကျင့်သုံးပြီး ရှောင်ကြဉ်သင့်သည်များရှောင်ကြဉ်တတ်နိုင်အောင်အထူးကြိုးပမ်းဆောင်ရွက်ပေးနေကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ခံစားမှု

ထို့နောက် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ဗဟုသုတပွဲတော်သို့လာရောက်သည့် လူငယ်လူရွယ်များ၏ တွေ့ရှိခံစားမှုများကို မြန်မာ့အလင်းက ဆက်လက်မေးမြန်းခဲ့ပါသေးသည်။

ရှေးဦးစွာ ဒလမြို့နယ်မှ ကိုနေမျိုးအောင်က "၎င်းအနေဖြင့် ယခုပွဲတော်သို့လာရောက်ရသည့်အတွက် အေအိုင်ဒီအက်စ်နှင့် ပတ်သက်လို့ ကျန်းမာရေးဗဟုသုတများတိုးပွားစေကြောင်း၊ မာရီစတုပ်(ခ်)အင်တာနေရှင်နယ် မြန်မာမှ လူငယ်တွေအတွက် ကျန်းမာရေးဝန်ဆောင်မှုတွေ ပေးနေသည်ကိုသိရ၍ ဗဟုသုတများရရှိခဲ့ကြောင်း"ဖြင့် မြန်မာ့အလင်းသို့ ပြောကြားသည်။

ဗဟုသုတ

တစ်ဖန် ဒလမြို့မှ မနီလာနှင့် မောင်ကျော်သက်အောင်တို့ကလည်း "အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နှင့် ပတ်သက်လို့ ယခင်ကစာထဲတွင်သာ သိရှိခဲ့ရသော်လည်း ယခုအခါ ကိုယ်တိုင်သိရှိလေ့လာခွင့်ရခဲ့၍ ကျန်းမာရေးအသိပညာဗဟုသုတများ တိုးပွားလာကြောင်း၊ ဉာဏ်စမ်းပဟေဠိမေးခွန်းများ ဝင်ရောက်ဖြေဆိုရသည်မှာလည်း ပျော်စရာကောင်းသည့်အပြင် ဗဟုသုတများလည်း တိုးပွားလာကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဆရာဝန်အသင်း၌ စေတနာ့ဝန်ထမ်းအဖြစ် တာဝန် ထမ်းဆောင်ပေးနေသော ကိုငြိမ်းသွန်းဖြိုးကလည်း "အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဗဟုသုတပွဲတော်တွင် ရှာပုံတော်ဖွင့်မယ်ဆိုသည့် အစီအစဉ်ကို ကြိုက်နှစ်သက်မိကြောင်း၊ မသိတာတွေ ရှာရင်းနှင့် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်အကြောင်း သိရှိမှတ်မိလွယ်ကူကြောင်း၊ အပြင်မှာအေအိုင်ဒီအက်စ်အကြောင်း တကူးတက လေ့လာရန်မှာမလွယ်ကူကြောင်း၊ ယခုပွဲတော်တွင် ပါဝင်ဆင်နွှဲလိုက်ခြင်းကြောင့် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်အကြောင်း အလွယ်တကူ သိရှိသွားခဲ့ကြောင်း၊ ကိုယ်တိုင်လည်း ဆွေးနွေးတိုင်ပင်ခွင့်ရတဲ့အတွက် ဗဟုသုတ တိုးပွားစေခဲ့ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဗဟုသုတပွဲတော်တွင် ငြိမ်းသွန်းဖြိုးက မြန်မာ့အလင်းသို့ သိလိုသည်များ ဖြေကြားပေးခဲ့သည်။
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်အကြောင်း သိကောင်းစရာများကို မစုစုခင်က မြန်မာ့အလင်းသို့ ဤသို့ ပြောကြားခဲ့သည်။
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဗဟုသုတ ပွဲတော်နှင့် စပ်လျဉ်း၍ မနှင်းနွယ်နွယ်အောင်က မြန်မာ့အလင်းသို့ ဤသို့ အားတက်သရော ပြောကြားသည်။
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဗဟုသုတ ပွဲတော်တွင် လူငယ်လူရွယ်များ ဉာဏ်စမ်းပဟေဠိမေးခွန်းများကို ဤသို့ အားတက်သရော ဝင်ရောက် ဖြေဆိုကြသည်။
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

လူငယ်ကျန်းမာရေး

ယင်းနောက် မြန်မာနိုင်ငံဆရာဝန်အသင်းတွင် လူငယ်ကျန်းမာရေး အကျိုးဆောင်အဖြစ် ဆောင်ရွက်နေသော မနှင်းနွယ်နွယ်အောင်ကလည်း "မြန်မာနိုင်ငံ ဆရာဝန်အသင်း လူငယ်ဖွံ့ဖြိုးရေးအစီအစဉ်စတင် ဆောင်ရွက်ခဲ့သည့် ၂၀၀၃ ခုနှစ်မှစ၍ သင်တန်းများတက်ပြီးအိတ်ချ်အိုင်ဗွီ၊အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးနေကြောင်း၊ အေအိုင်ဒီအက်စ်တိုက်ဖျက်ရေး အစီအစဉ်ဖြင့် ၁၅၁ Campaignအဖြစ် ဆောင်ရွက်နေကြောင်း၊ ယင်းမှာ အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးသင်တန်းတက်ပြီးသူတစ်ယောက်အနေဖြင့် အေအိုင်ဒီအက်စ် ကာကွယ်တားဆီးရေး အချက်ငါးချက်ကို သူငယ်ချင်း ငါးယောက်အား တစ်လအတွင်း အသိပညာများ ဖြန့်ဝေပေးခြင်းဖြင့် အေအိုင်ဒီအက်စ် တိုက်ဖျက်ရေး လုပ်ငန်းကို ပါဝင်တိုက်ဖျက်ပေးနေကြောင်း" ပြောကြားသည်။

ကြောက်စရာကောင်း

၎င်းနောက် ဆေးဝါးကျွမ်းကျင်မှု တက္ကသိုလ်နောက်ဆုံးနှစ် တက်ရောက်နေသော မစုစုခင်ကလည်း "၎င်းအနေဖြင့် အခြေခံ ကျန်းမာရေးသင်တန်း တက်ရောက်ထားကြောင်း၊ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နှင့် ပတ်သက်၍ သင်တန်းတက်ရောက်ခဲ့သဖြင့် ဗဟုသုတများ တိုးပွားလာကြောင်း၊ သူငယ်ချင်းများကိုလည်း အေအိုင်ဒီအက်စ်အကြောင်း သိကောင်းစရာများကို လက်ဆင့်ကမ်းအဖြစ် အသိပညာများ ပြန်လည်ပြောပြပေးကြောင်း၊ အေအိုင်ဒီအက်စ်သည်ကြောက်စရာကောင်းသည့် ရောဂါဖြစ်ကြောင်း၊လူငယ်လူရွယ်တိုင်း အနေဖြင့် အေအိုင်ဒီအက်စ်အကြောင်း သိရှိထားရန် လိုအပ်ကြောင်း၊ ရောဂါဖြစ်နိုင်သည့် လုပ်ကိုင်ဆောင်ရွက်မှုများကို ရှောင်ကြဉ်လိုက်နာသင့်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ထို့ကြောင့် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါသည် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် တိုက်ဖျက်လျက်ရှိသည်။လူငယ်လူရွယ်တိုင်းအိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်အကြောင်း သိရှိထားရန် လိုအပ်သည်။ ရောဂါဖြစ်နိုင်သည့် နည်းလမ်းများကို သိရှိအောင် ကြိုးစားပြီး ရှောင်ကြဉ်သင့်သည်များကို ရှောင်ကြဉ်ခြင်းဖြင့် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် အန္တရာယ်မှ ကင်းဝေးနိုင်မည်ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ရောဝတီတိုင်း မြန်အောင်မြို့ ပရိယတ္တိဝဲပုံ့စာသင်တိုက် ငွေရတုပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၉

မြန်အောင်မြို့ ပရိယတ္တိဝဲပုံ့စာသင်တိုက်၏ ငွေရတုသဘင်အခမ်းအနားကို ၁၃၆၈ခုနှစ် တပို့တွဲလပြည့်ကျော် ၇ ရက်မှ ၁၄ရက်အထိ ကမ္ဘာ့ဘာနာစရိယလယ်တီမူ အရှင်ကောသလ္လ ဓမ္မာစရိယ၊ လယ်တီမူ အရှင်တေဇနိယ ဓမ္မာစရိယ၊ ဓမ္မကထိက အရှင်သံဝရဓမ္မာစာရိယ ကလေးဝတောရစာသင်တိုက်တို့၏ လယ်တီမူဝိပဿနာ ခုနစ်ရက်စခန်းတရားပွဲများဖြင့်လည်းကောင်း ဧည့်ပရိသတ်များအား နိုင်ငံတော်ရွှေတံဆိပ်ဆုရှင် မြင့်မြင့်ကြည် အငြိမ့်ဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေပြီး ပင့်သံဃာအရှင်သူမြတ်များ ၁၃၆၈ခုနှစ် တပေါင်းလဆန်း ၁ ရက် (ဖေဖော်ဝါရီ ၁၆ ရက်) သောကြာနေ့ နေ့ဆွမ်းမီ မြန်အောင်မြို့ ပရိယတ္တိ ဝဲပုံ့ စာသင်တိုက်သို့ ပင့်စာ၊ ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ကြွရောက်ပါရန်နှင့် ပရိယတ္တိဝဲပုံ့စာသင်တိုက်၏ တပည့်များသည် ဖေဖော်ဝါရီ ၁၅ရက် (သောကြာနေ့) အရောက် ကြွရောက်ကြပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။ **(က–ပ)**

ရေကြည်မြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၉

ရေကြည်မြို့နယ်အသင်း (ရန်ကုန်)၏ (၂၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

နှိုးဆော်

အသင်းဝင်အားလုံးနှင့် ရန်ကုန်ရောက် ရေကြည်မြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြရန်နှင့် အသက် ၇၅ နှစ်နှင့် အထက် အသင်းဝင်သက်ကြီးစာရင်းနှင့် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးရအသင်းဝင်တို့၏ သားသမီးစာရင်းကို အမှတ်စာရင်း မိတ္တူနှင့်အတူ ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဦးသန်းမြင့် ဖုန်း– ၂၄၁၉၂၇၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အေး ဖုန်း– ၅၅၉၅၃၆၊ အတွင်းရေးမှူး ဦးလှဝင်း ဖုန်း– ၂၁၁၀၁၀၊ ဘဏ္ဍာရေးမှူး ဦးကြည်ဝင်း ဖုန်း– ၇၀၉၀၄၅၊ စည်းရုံးရေးမှူး ဦးကြည်ဆန်း ဖုန်း–၇၀၉၈၉၀နှင့် အမှုဆောင်များထံ ဆက်သွယ်ပေးပို့ကြရန်နှင့် အလှူငွေများထည့်ဝင်ကြရန်နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ရန်ကုန်တိုင်း အလုံမြို့နယ် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးတွင် အလုံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်ခင်စိုးအောင်က ကျောင်းဘက်စုံလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေကျပ် ၁၀ သိန်းကို ကျောင်းအုပ်ဆရာကြီး ဦးထွန်းကြည်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မြင်းစီးအားကစားအဖွဲ့ချုပ် စင်တင်ဖျော်ဖြေပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ အဖွဲ့ချုပ် ရန်ပုံငွေအတွက် စင်တင်ဖျော်ဖြေပွဲကို ဖေဖော်ဝါရီ၁၀ ရက် (စနေနေ့) ညနေ ၆ နာရီခွဲတွင် မြန်မာ ကွန်ဗင်းရှင်းစင်တာ MCC Hall၌ ကျင်းပမည်ဖြစ်သည်။ ရန်ပုံငွေဖျော်ဖြေပွဲကို ကြည့်ရှုအားပေးလိုသူများသည် ဒဂုံစင်တာ၊ လပြည့်ဝန်းပလာဇာ၊ စိန်ဂေဟာ စူပါမတ်ကက်(ပြည်လမ်း)၊ ဆရာစံလမ်းတို့ရှိ Ko Ko Beauty Saloon နှင့် အင်းဝစာအုပ်တိုက် (ဆူးလေဘုရားလမ်း)တို့၌ ကြိုတင်လက်မှတ်များ ဝယ်ယူရရှိနိုင်သည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၆ရက်က နှစ်(၆၀) ပြည့် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကလေးများကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကာယအလှမောင်မယ်ပြိုင်ပွဲနှင့် ဖက်ရှင်ပြိုင်ပွဲကို ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၌ကျင်းပရာ မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်က ပထမရရှိသော ကာယအလှမယ်အား ဆုချီးမြှင့်စဉ်။ (က–ပ)

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၉

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၁ နာရီခွဲက နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် စာသင်ခန်း၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း (ဗဟို)အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဦးမောင်မောင်သိမ်းတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို) အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက နိုင်ငံတော်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်း မှာကြားသည်။

အသင်းဝင်အဆိုပြုလွှာပေး

ထို့နောက် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများ၏ အသင်းဝင် အဆိုပြုလွှာ ၁၅၃ စောင်ကို ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို) အထွေထွေအတွင်းရေးမှူး ဦးဌေးဦးထံ ပေးအပ်ကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

(သတင်းစဉ်)

ဦးဘဖေနှင့် မိခင်ကြီးဒေါ်အုန်း(မန္တလေး)တို့အား ရည်စူး၍ ရန်ကုန်မြို့ အရှေ့ရန်ကင်း အမှတ်(၂၉၁/၁၁)နေ ဒေါ်ခင်နှင်းနှင့် သားသမီး၊ မြေးမိသားစုတို့က ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

လျှပ်စစ်ဝန်ထမ်းများ ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံ ပြည်သူချစ်သော ဝန်ထမ်းကောင်းများဖြစ်အောင် ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၉

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၅ရက်က တာဝန်ရှိသူများ လိုက်ပါလျက် ဖောင်ကြီးမြို့ လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိရာ လျှပ်စစ်အင်ဂျင်နီယာ ဦးအေးနိုင်က ဓာတ်အားဖြန့်ဖြူးပေးမှု အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာချုပ် ဦးညိုဝင်းနှင့် လျှပ်စစ်စမ်းသပ်စစ်ဆေးရေးဌာန ဌာနမှူး ဦးညွန့်သန်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက ဝန်ထမ်းများအားတွေ့ဆုံ၍ မိမိတို့လျှပ်စစ်ဌာန ဝန်ထမ်းများသည် လူတန်းစားအလွှာအသီးသီးနှင့် ထိတွေ့ဆက်ဆံနေရသဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံရန်လိုကြောင်း၊ ပြည်သူ ချစ်သော ဝန်ထမ်းကောင်းများဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း ပြောကြားပြီး မြို့နယ်ရုံးကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဖောင်ကြီးဓာတ်အားခွဲရုံသို့ရောက်ရှိပြီး လှည်းကူးဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အားလိုင်းများ သွယ်တန်းထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးအေးနိုင်က ဓာတ်အားဖြန့်ဖြူးမှု အခြေအနေများကို ရှင်းလင်းပြောကြားရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် အင်းတိုင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး တည်ဆောက်မည့် လျာထားမြေနေရာအား ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဒါးပိန်မြို့နယ် လျှပ်စစ်ရုံးသို့ ရောက်ရှိရာ ရုံးခန်းမ၌ မြို့နယ်လျှပ်စစ်မှူး ဦးစောရွှေသန်းက လှည်းကူးဓာတ်အားခွဲရုံမှ ဓာတ်အားလက်ခံရရှိမှု၊ ဓာတ်အားဖြန့်ဖြူးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယအင်ဂျင်နီယာချုပ် ဦးညိုဝင်းက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ဝန်ကြီးက လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်စေလိုကြောင်း၊ တရားမဝင် လျှပ်စစ်ဓာတ်အား သုံးစွဲမှုများကိုလည်း ဖော်ထုတ် ဆောင်ရွက်စေလိုကြောင်း မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဒါးပိန်မြို့အိမ်တွင်းစက်မှုလုပ်ငန်း ဘိုးနတ်များထုတ်လုပ်မှုကို ကြည့်ရှုရာ တာဝန်ခံ ဦးငွေသန်းက ကုန်ထုတ်လုပ်မှု အဆင့်ဆင့်ကို ရှင်းလင်းပြသသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် သာကေတလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ ရန်ကုန် မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဓာတ်အားထုတ်လုပ်ရေးဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးညွန့်အောင်နှင့် စက်ရုံမှူး ဦးထွန်းလှိုင်တို့က သဘာဝဓာတ်ငွေ့သန့်စင်မှုတ် ထုတ်ခြင်းလုပ်ငန်းအား လျှပ်စစ် ကျွမ်းကျင်လုပ်သားများဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြသကြပြီး ဝန်ကြီးက သာကေတစက်ရုံသို့ သွယ်တန်းထားရှိသော သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို ကြည့်ရှုစစ်ဆေးပြီး သန့်စင်မှုတ် ထုတ်ခြင်းလုပ်ငန်းကို အချိန်အပိုင်းအခြားအလိုက်ဆောင်ရွက်စေလိုကြောင်း မှာကြားသည်။ **(သတင်းစဉ်)**

ယခုသောကြာပတ် မြန်မာဇာတ်ကားသစ်ရုံမဝင် ပြသဆဲဇာတ်ကားများ ဆက်လက်အောင်ပွဲခံပြသ

ရန်ကုန် ဖေဖော်ဝါရီ ၉

ယခု သောကြာပတ်တွင် မြန်မာ ရုပ်ရှင်ဇာတ်ကားသစ် ရုံဝင်လာခြင်း မရှိဘဲ ပြသဆဲ ဇာတ်ကားများ ဆက်လက်ပြသနေသည်။

သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင် သိပ္ပံအက်ရှင် ဇာတ်ကား Krrish ဆက်လက်အောင်ပွဲခံ ပြသနေသည်။ သွင် အဆင့်မြင့်ရုံတွင် ဒါရိုက်တာ Zhang Yimou ရိုက်ကူးပြီး Andy Lau, Take Shi Kaneshiro တို့ ခေါင်းဆောင်ပါဝင်သော House of Flying Daggers ဇာတ်ကား ဆက်လက် ပြသနေသည်။

နေပြည်တော်ရုံတွင် Dragon Tiger Gate ဇာတ်ကား ပြသနေပြီး ရွှေ့ဆောင်ရုံတွင် ဒါရိုက်တာဟိန်းစိုး ရိုက်ကူးပြီး လူမင်း၊ နေတိုး၊ မေသဥ္ဇာဦးနှင့် နဝရတ်တို့ ပါဝင်သရုပ်ဆောင်ထားသော **ပန်းပျိုးသူတို့အလင်္ကာ** ဇာတ်ကား ဆက်လက်အောင်ပွဲခံ ပြသနေသည်။ မင်္ဂလာအဆင့်မြင့်ရုံတွင် Miami Vice ဇာတ်ကားရုံဝင်လာသည်။

နဝဒေးနှင့်တောင်ကြီး ဗန္ဓုလရုံများတွင် ဒါရိုက်တာ မောင်မောင်ဦး (စနိုးဝိုက်) ရိုက်ကူးပြီး နိုင်းနိုင်းနှင့် အိန္ဒြာကျော်ဇင်တို့ ပါဝင်သရုပ်ဆောင်ထားသည့် **မမေ့နိုင်** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကား ရုံဝင်လာသည်။ **မမေ့နိုင်**ဇာတ်ကားတွင် ချစ်ခြင်း၊ မုန်းခြင်း၊ ရက်စက်ခြင်း၊ စွန့်ပယ်ခြင်း ရောပြွန်းနေသော လောကဓံတွေကြား ချစ်သူနှစ်ဦး၏ မမေ့နိုင်စရာ ဇာတ်လမ်းကို အလွမ်း၊ အကြမ်းများဖြင့် ရိုက်ကူး

ပန်းပျိုးသူတို့ အလင်္ကာ ဇာတ်ကားမှ လူမင်းနှင့် နဝရတ်။

တင်ဆက်ထားသော ဇာတ်ကားဖြစ်သည်။ ဒါရိုက်တာ ကိုအောင်မင်းသိမ်း ရိုက်ကူးသည့် **ဒုတိယမြောက်ဟန်းနီးမွန်း** ဇာတ်ကား မဟာမြိုင်ရုံတွင် ပြသနေသည်။

မြို့လယ် ဘုရင်ရုံတွင် Elaan အိန္ဒိယဇာတ်ကား ပြသနေသည်။ ဆုထူးပန်ရုံတွင် Kya Kehna ဇာတ်ကားပြသနေသည်။ မြို့မရုံတွင် Spymate ဇာတ်ကားပြသနေပြီး ရွှေဂုန်ရုံ(အပေါ်ထပ်)တွင် Mission in Action ဇာတ်ကား တစ်ကျော့ပြန် ရုံဝင်လာသည်။ ရွှေဂုန်ရုံ (မြေညီထပ်)တွင် Kahin Pyaar Na Ho Jaaye ဇာတ်ကား ပြသနေသည်။ ။

ရုပ်ရှင် သတင်းထောက်

(မြန်မာ့အလင်း)

မမေ့နိုင် ဇာတ်ကားမှ နိုင်းနိုင်းနှင့် အိန္ဒြာကျော်ဇင်။

တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၉

တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်)၏ (၂၉)ကြိမ်မြောက် နှစ်ပတ်လည် စည်းဝေးပွဲ၊ သက်ကြီးပူဇော်ပွဲ၊ နိုင်ငံတော် ဘွဲ့ထူးဂုဏ်ထူးရ ပုဂ္ဂိုလ်များ ဂုဏ်ပြုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ၂၈ရက် နံနက် ၉နာရီခွဲက စမ်းချောင်းမြို့နယ် ဗဟိုလမ်းရှိ တိုက်ကြီးမြို့နယ်အသင်းမွှာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ ပူဇော်ခံသက်ကြီးပုဂ္ဂိုလ်များအား အသင်းသူ၊ အသင်းသားများက ပူဇော်ကန်တော့ကြပြီးနောက် ဘွဲ့ထူး၊ ဂုဏ်ထူးရ ပုဂ္ဂိုလ် သုံးဦးအား ဂုဏ်ပြုပွဲ ဆက်လက်ကျင်းပသည်။ ပညာရည်ချွန် ဆုပေးပွဲတွင် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ အသင်းဝင် သားသမီး ခြောက်ဘာသာ ဂုဏ်ထူးရသူ ငါးဦး၊ ငါးဘာသာ ဂုဏ်ထူးရသူ ငါးဦး၊ လေးဘာသာဂုဏ်ထူးရသူ သုံးဦး၊ သုံးဘာသာ ဂုဏ်ထူးရသူ သုံးဦး၊ နှစ်ဘာသာ ဂုဏ်ထူးရသူ နှစ်ဦး၊ တစ်ဘာသာ ဂုဏ်ထူးရသူ လေးဦးတို့အား အသင်းအမှုဆောင်များက ဂုဏ်ပြုဆုများ ချီးမြှင့်သည်။ **(အပေါ်ပုံ)**

တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၀၇-၂၀၀၉ခုနှစ် အမှုဆောင်အဖွဲ့ သစ်ရွေးချယ်ရာတွင် ဥက္ကဋ္ဌ ဦးသိန်းအောင် ပါဝင်သော အမှုဆောင် အဖွဲ့အား ရွေးချယ်တင်မြှောက်ကြသည်။ **(က-ပ)**

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ၁၀၁နှစ်မြောက်မွေးနေ့ ပျော်ပွဲ ရွှင်ပွဲများဖြင့် ပရိသတ် စည်ကားများပြား

သတင်းမြင်ကွင်း - မြင့်မောင်စိုး၊ ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၉

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ၁၀၁နှစ်မြောက်မွေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို ဖေဖော်ဝါရီ၉ ရက်က စတုတ္ထမြောက်နေ့အဖြစ် ဆက်လက်ကျင်းပရာ ရာဟန်းရှင်လူ ပြည်သူ အများ၊ ကျောင်းသားကျောင်းသူများ၊ အပန်းဖြေအနားယူသူများ၊ ပျော်ပွဲရွှင်ပွဲပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

ဖျော်ဖြေရေး

ဖျော်ဖြေရေး အစီအစဉ်များအဖြစ် Hip Hop အဖွဲ့သားများဖြစ်သည့် စိုင်းစိုင်းခမ်းလှိုင်နှင့် သူငယ်ချင်းများ၊ Theory၊ လင်းလင်း၊ ကျော်သူစိုး၊ ရဲလေး၊ ရသ၊ ဘိုလေး၊ Wai လျှံ၊ Dj Man၊ Niceone၊ N-Zai၊ R-Fat၊ Chapter၊ စည်သူ(RC)၊ BLF ဂျောက်ဂျက်၊ Banbino၊ ခေတ်မီကို၊ ထက်ထက်အစရှိသော အဆိုတော်များက ဖျော်ဖြေတင်ဆက်ရာ ပြည်သူများ တိုးမပေါက်အောင် စည်ကားများပြားလျက်ရှိသည်။

ထို့အပြင် Dream Boat အဖွဲ့၏ ကစားနည်းအမျိုးမျိုးနှင့် ဉာဏ်စမ်းပဟေဠိအစီအစဉ်တွင်လည်း စည်ကားလျက်ရှိသည်ကိုလည်း တွေ့ရသည်။

Nicolyna Myanmar Model Management ၏ Model Show များကလည်း ပရိသတ်များအား အထူး ဆွဲဆောင်လျက်ရှိသည်။

ထို့အပြင် Cartoon Parade အဖြစ် လှည့်လည်ပြသရာ မြင်ရာဇာ တွတ်ပီ၊ မိုက်ကလေး၊ မသေးမျှင်၊ ဒိန်းဒေါင်၊ စုံထောက်ကြီးဦးစံရှား၊ ရှင်ဂွမ်းဂွိ၊ ဦးစိတ်တို၊ မျောက်ညိုနှင့် တောင်ပုလုမြို့စားကြီးတို့လို ဝတ်စားဆင်ယင်လျက် လှည့်လည်သည်မှာ လာရောက်ကြည့်ရှုအပန်းဖြေကြသူများအား ဟာသရသကိုပေးစွမ်းနိုင်ခဲ့သည်။

ဖွင့်ပွဲ

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ၁၀၁ နှစ်မြောက်မွေးနေ့ အထိမ်းအမှတ်ပွဲတော်သည် ပျော်ရွှင်ဖွယ်ရာ ဖျော်ဖြေတင်ဆက်မှုများသာမက စားသောက်ဖွယ်ရာ အရောင်းဆိုင်များကလည်း အထူးအစီအစဉ်များဖြင့် ရောင်းချပေးနေသည်ကိုလည်း တွေ့ရသည်။

အထူးသဖြင့် ဒံပေါက်ဆိုင်များ၊ ရေခဲမုန့်ဆိုင်များ၊ အအေးဆိုင်များ၊ မုန့်ဆိုင်အမျိုးမျိုးတို့တွင်လည်း အရသာထူးကဲစွာ ပြုလုပ်စီမံထားမှုကြောင့် ဝယ်ယူစားသုံးသူများအကြိုက် တွေ့လျက်ရှိသည်။

ထို့အပြင် အဝတ်အထည်ဆိုင်များ၊ အမျိုးသမီးအသုံးအဆောင်ဖန်စီဆိုင်များ၊ တိုင်းရင်းဆေးဝါးအရောင်းဆိုင်များ၊ စာအုပ်ဆိုင်များတွင်လည်း ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

Hip Hop ဂီတဖျော်ဖြေမှု အစီအစဉ်တွင်လည်း လူငယ်လူရွယ်များအကြိုက် တွေ့နေ၍ တိုးမပေါက်အောင် စည်ကားများပြားလျက်ရှိသည်။

တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ပျော်ပွဲရွှင်ပွဲတွင် ကာတွန်းရုပ်ပြောင်များသဏ္ဌာန် ဝတ်ဆင်သရုပ်ပြ လှည့်လည်မှုကိုလည်း ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ၁၀၁နှစ်မြောက်မွေးနေ့ ပျော်ပွဲရွှင်ပွဲတွင် စိုင်းစိုင်းခမ်းလှိုင်နှင့် Hip Hop အဖွဲ့သားများ၏ ဖျော်ဖြေတင်ဆက်မှုကို ပရိသတ်များ ဤသို့ အားပေးကြည့်ရှုခဲ့ကြသည်။

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

စိတ်ဝင်စားဖွယ်

တိရစ္ဆာန်ဆပ်ကပ်နှင့် မျက်လှည့်အစီအစဉ်များကလည်း ခရီးသွားအပန်းဖြေ လာရောက်ကြသူများအတွက် အလွန်စိတ်ဝင်စားဖွယ်ရာပြကွက်များဖြင့် ဖျော်ဖြေတင်ဆက်ပေးနေသည်ကိုလည်း တွေ့ရသည်။ ယင်းအစီအစဉ်တွင် ဆင်လိမ္မာ၊ ခွေးလိမ္မာ၊ မြွေတို့ဖြင့် အမျိုးမျိုးဖျော်ဖြေတင်ဆက်ထား၍ ပရိသတ်များ အကြိုက်တွေ့လျက်ရှိသည်။

ဖျော်ဖြေပွဲ

ဖေဖော်ဝါရီ ၁၀ ရက်**(ယနေ့)**တွင် မျိုးကျော့မြိုင်၊ စိုင်းစိုင်းခမ်းလှိုင်နှင့် သူငယ်ချင်းများ၊ The Ants၊ ဖြိုးကြီး၊ လပြည့်၊ ရောသမမွှေ၊ DJ Man၊ မေစံပယ်ညိုနှင့် ချစ်သုဝေတို့က လာရောက် အပန်းဖြေ အနားယူကြသောသူများအား ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပျော်ပွဲရွှင်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်အထိ ရက်ထပ်မံတိုးလိုက်ကြောင်း သိရသည်။ ယင်းနေ့တွင်လည်း နာမည်ကြီးအဆိုတော်များက စုပေါင်းဖျော်ဖြေမှု အစီအစဉ်အဖြစ် ဆက်လက်၍ ဖျော်ဖြေ တင်ဆက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဖိတ်ခေါ်

ထို့ကြောင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ၁၀၁နှစ်မြောက် မွေးနေ့အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲသည် ခရီးသွားပြည်သူများ၊ ကျောင်းသားကျောင်းသူများ၊ ဇီဝဗေဒနှင့် သတ္တဗေဒ ဘာသာရပ်များလေ့လာလိုက်စားနေကြသူများ၊ ပျော်ပွဲရွှင်ပွဲချစ်မြတ်နိုးသူများ၊ အစားကောင်း နှစ်သက်ကြသူများ လာရောက်လည်ပတ်ရန် ကြုံတောင့်ကြုံခဲအခွင့်အလမ်းကောင်းဖြစ်၍ သွားရောက်လည်ပတ် ကြည့်ရှုကြပါရန် ဖိတ်ခေါ်ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ၁၀၁နှစ်မြောက်မွေးနေ့ ပျော်ပွဲရွှင်ပွဲတွင် Dream Boat အဖွဲ့၏ ဖျော်ဖြေတင်ဆက်မှုနှင့် ပရိသတ်ထုကြီးကို ဤသို့ တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

မြန်မာ့အလင်း အင်တာနက်သတင်းအတိုအထွာ

တောင်အာဖရိကၡိ အိတ်ချ်အိုင်ဗွီထိုးဆေးများ စတင် စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြောင်း ဖေဖော်ဝါရီ ၈ရက် အင်တာနက်သတင်း၌ဖော်ပြသည်။

ဥရောပတစ်ဝန်း ကင်ဆာရောဂါလက္ခဏာရပ်များတိုးပွားလာခြင်းသည် ကျန်းမာရေးဝန်ထုပ်ဝန်ပိုးကြီးဖြစ်လာကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်ကို ဖေဖော်ဝါရီ၈ရက်က အင်တာနက်တွင် သတင်းဖော်ပြသည်။

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းဒေသ အက်ဆမ်မြို့၌ အမျိုးသားအားကစားပွဲတော်ကျင်းပရန် စီစဉ်နေချိန်တွင် ယင်းမြို့ မီးရထားဘူတာတွင် ဗုံးတစ်လုံး ပေါက်ကွဲခဲ့ကြောင်း၊ ထိခိုက်သေကျေမှု မရှိကြောင်း ရဲအဖွဲ့က ပြောကြားသည်ကို ဖေဖော်ဝါရီ၉ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

အမေရိကန်စစ်သင်္ဘောတစ်စင်းသည် ဗီယက်နမ်စစ်ပွဲပြီးဆုံးပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ကမ္ဘောဒီးယားနိုင်ငံ ဆိပ်ကမ်းသို့ လာရောက်ခဲ့ကြောင်း အင်တာနက်တွင် ဖေဖော်ဝါရီ ၉ ရက်က သတင်းဖော်ပြသည်။

ဗြိတိန်နှင့် အခြားထိပ်တန်းစက်မှုနိုင်ငံများက ဆင်းရဲသောနိုင်ငံများ ထိုးဆေးရရှိရေးအတွက် ဒေါ်လာ၁၁ဒသမ၅ ဘီလီယံ ရန်ပုံငွေတစ်ရပ်ထူထောင်ပေးလိုက်ကြောင်း ဖေဖော်ဝါရီ ၉ ရက်က အင်တာနက်သတင်းအဖြစ် ဖော်ပြသည်။

ဝေလငါးဖမ်းဆီးမှုတိုက်ဖျက်ရေးလှုံ့ဆော်မှုများက ဂျပန်ဝေလငါးဖမ်းသင်္ဘောတစ်စင်းအတွင်း အက်ဆစ်များလောင်းချခဲ့မှုကို ဂျပန်အစိုးရအနေဖြင့် အဆိုပါ ဝေလငါးဖမ်းဆီးမှု တိုက်ဖျက်ရေးလှုံ့ဆော်သူများအား သတိပေးပြောကြားလိုက်ကြောင်း ဖေဖော်ဝါရီ ၉ရက်က အင်တာနက်၌ ဖော်ပြသည်။

(အင်တာနက်)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မိုးမခလမ်းနေ ဗိုလ်မှူးချုပ်အေဘယ်လ်(ငြိမ်း)နှင့် မိသားစုမှ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ပါရဂူ ဗိုလ်မှူးကြီးမျိုးညွန့်က လက်ခံယူစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၂-၂၀၀၇ (စနေနေ့)

၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ ပြုံးသေမဲ့သေတရားတော် (အရှင်ဇဝနဆရာတော်)
၈:၁၀ သူ၏အနုပညာနှင့် အလှသစ္စာတရား (စန္ဒရားလှထွတ်)
၈:၅၀ တေးဂီတအစီအစဉ်
၈:၅၅ တစ်ပတ်အတွင်းအားကစားသတင်း
၉:၁၀ တေးဂီတအစီအစဉ်
၉:၁၅ သမိုင်းဝင်ထင်ရှား ကျိုက္ကစံဘုရား
၉:၃၅ တေးဂီတအစီအစဉ်
၉:၄၀ မွန်ရိုးရာဝတ်စားဆင်ယင်မှု
၉:၄၅ ပြည်တွင်းသတင်းအကျဉ်း
၉:၅၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၂၀ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (တီထွင်မှု မူပိုင်ခွင့်နှင့် စက်မှုဒီဇိုင်းမူပိုင်ခွင့် ဆွေးနွေးခန်း)
၁၀:၃၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၄၀ မိုးလေဝသခန့်မှန်းချက်
၁၀:၄၅ ကလေးတို့အတွက်လက်ဆောင် (တစ်ရှူးထည့်သည့် အိတ်ကလေး)
၁၁:၀၅ တေးဂီတအစီအစဉ်
၁၁:၁၀ ရုပ်ရှင်ပုံရိပ်ဟောင်းများရှင်သန်ရာ ရုပ်ရှင်သမိုင်းပြတိုက်မှာ
၁၁:၂၅ တေးဂီတအစီအစဉ်
၁၁:၃၀ ပြည်တွင်းသတင်းအကျဉ်း
၁၁:၄၀ ပျော်ရွှင်ကစားမြွေလှေကား
၁၂:၁၅ တေးဂီတအစီအစဉ်
၁၂:၂၀ ပိုးသတ်ဆေးများကို အန္တရာယ်ကင်းစွာသုံးစွဲနည်း
၁၂:၃၀ တေးဂီတအစီအစဉ်
၁၂:၃၅ နိုင်ငံတကာ သတင်းအကျဉ်း
၁၂:၄၀ မြန်မာ့ကျောက်မျက်ရတနာပြတိုက်နှင့် ရတနာဈေး
၁၂:၅၅ တေးဂီတအစီအစဉ်
၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၀၀	ပွဲကြိုသုံးသပ်ချက်-၁	5-Sports
၆:၃၀	ပွဲကြိုသုံးသပ်ချက်-၂	5-Sports (Live)
၇:၁၀	Reading-Aston Villa	5-Sports (Live)
၉:၂၅	Newcastle-Liverpool	5-Sports (Live)
	Man Utd-Charlton	5-Series (Live)
	Chelsea-Middlesbrough	5-Cartoos (Live)
၁၁:၄၀	Portsmouth-Man City	5-Series (Live)
၁၂:၀၀	Chelsea-Middlesbrough	5-Sports (SDD)

"အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေ "အတွက် အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

သမ္မတထရိုတ်ခင်းကုမ္ပဏီလီမိတက် (ဒါရိုက်တာ)နှင့် သမ္မတနိဗ္ဗာန်ကုန်နှင့် သတ်နံ့တိုက်ပိုင်ရှင်

[illegible] ဒေါ်ကြည်ကြည်ဆွေ' အား

နိုင်ငံတော်အေးချမ်းသာယာရေး ... အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၇ ဖြင့်

သာသနာတော်ကို ထူးကဲစွာ ... (အဆင့်မြင့်) သာသနာ့ဂုဏ်ထူး

" အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ " ဘွဲ့တံဆိပ်တော်ကို

[illegible]

[illegible]

မန်နေဂျင်းဒါရိုက်တာနှင့် ဝန်ထမ်းများ | မန်နေဂျာနှင့်ဝန်ထမ်းများ | မန်နေဂျာနှင့်ဝန်ထမ်းများ | ဦး... ဒေါ်... (တောင်ကြီး)

သမ္မတထရိုတ်ခင်းကုမ္ပဏီလီမိတက် | သမ္မတနိဗ္ဗာန်ကုန်နှင့်သတ်နံ့တိုက် | သမ္မတမိသားစုဟိုတယ် | ...

တန်ဆောင်းနှင့် နှစ်ထပ်ကျောင်းဆောင် ရေစက်ချလှူဒါန်းမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ကြံခင်းပရိယတ္တိစာသင်တိုက်အတွင်းရှိ မြို့နယ်သြဝါဒါစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဣန္ဒက(ဓမ္မာစရိယ) ဦးစီးခဲ့သော အောင်မြင်တော်မူ ဆုတောင်းပြည့် မြတ်စွာဘုရားဆင်းတုတော် တန်ဆောင်းတော်နှင့် နှစ်ထပ်ကျောင်းဆောင်တော်တို့ကို ဆရာတော်ကြီး၏ တပည့် ပဓာန နာယကဆရာတော် အရှင်ပဏ္ဍိစ္စနှင့် အကျိုးတော်ဆောင် ဒါယကာ၊ ဒါယိကာမများက စုပေါင်းရေစက်သွန်းချ သာဓုအနုမောဒနာခေါ်ဆိုပွဲကို ၁၃၆၈ခုနှစ် တပေါင်းလဆန်း ၃ ရက် (တနင်္ဂနွေနေ့) ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၆နာရီတွင် ကျင်းပမည်ဖြစ်သည်။

အလှူရှင်များအားလုံး ကြွရောက်ကြပါရန်နှင့် ဖုန်း–၅၃၅၈၀၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

အန္တိမဓမ္မပနအကြို ဓမ္မပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၉

ဆရာတော်ဦးယောသိတ (တစ်ဘဝသာသနာကျမ်းပြု၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ပဓာနနာယက) အန္တိမဓမ္မပနသာဓုကီဠနပူဇာသဘင် အကြိုဓမ္မပူဇော်ပွဲအဖြစ် ဖေဖော်ဝါရီ ၁၀ရက်တွင် အရှင်ဇဝန (မေတ္တာရှင်)ရွှေပြည်သာ၊ ၁၁ရက်တွင် ဦးကစ္စာယန (မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်နာယက)၊ ၁၂ရက်တွင် အရှင်ပညာနန္ဒ(သီတဂူကြယ်တပွင့်)တို့က သံဃာ့တက္ကသိုလ်ကျောင်းတိုက် ရေဘူးဘူတာရုံလမ်း ကမ္ဘာအေး၌ ညစဉ် ၇ နာရီ၌ တရားတော်များဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ထားဝယ်အသင်း

အမှတ် ၈၂၈၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်၊ ဖုန်း–၂၂၂၂၁၉

ထားဝယ်အသင်း၏ (၈၀)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲ ပညာရည်ချွန်ဆုပေးပွဲနှင့်(Ph.D)ပါရဂူဘွဲ့ရများ ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် ဇမ္ဗူရတနာပါဠိတက္ကသိုလ်ကျောင်းတိုက် အလုံလမ်း အလုံမြို့နယ်တွင် ကျင်းပမည်။ အသင်းဝင်များနှင့် ထားဝယ်သူ/သားများ ကြွရောက်ကြပါရန် ၂၀၀၆တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့်အောင်မြင်သော အသင်းဝင်များ၏ သားသမီးများ၊ (Ph.D)နှင့် အလားတူ ပါရဂူဘွဲ့ရ ထားဝယ်သူ ထားဝယ်သားများသည် ဖေဖော်ဝါရီ၁၄ရက် နောက်ဆုံးထားပြီး အသင်းတိုက်တွင် စာရင်းပေးသွင်းနိုင်သည်။ အမှုဆောင်များနှင့် အသင်းတိုက်သို့ ဆက်သွယ်၍လည်း လှူဒါန်းနိုင်ကြပါသည်။

အမှုဆောင်အဖွဲ့။

မိုင် ၁၀၀၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ
အားကစားသမား ၈၀ ကျော် ယှဉ်ပြိုင်မည်

သတင်းမှတ်စု–ကိုထွေး

ရန်ကုန် ဖေဖော်ဝါရီ ၉

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်က ကြီးမှူး၍ ရန်ကုန်–ပြည်–မန္တလေး– ရန်ကုန် မိုင် ၁၀၀၀ ခရီးရှည် အမျိုးသားစက်ဘီးစီးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။

စတင်တာလွှတ်မည်

ပြိုင်ပွဲခရီးစဉ်မှာ ရန်ကုန်–လက်ပံတန်း–ပြည်–မကွေး–မြင်းခြံ–မန္တလေး–မိတ္ထီလာ–ပျဉ်းမနား–နေပြည်တော်–တောင်ငူ– ညောင်လေးပင်–ရန်ကုန်ဖြစ်သည်။ ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) နံနက် ၆ နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင်ရေးစခန်း(သုဝဏ္ဏ)မှ စတင်တာလွှတ်ပြီး ဖေဖော်ဝါရီ ၂၄ ရက်တွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ပန်းဝင်ကြရမည်ဖြစ်သည်။

စာရင်းပေးသွင်းထား

ခရီးစဉ်တစ်လျှောက် ညအိပ်ရပ်နားမည့်မြို့များမှာ လက်ပံတန်း၊ ပြည်၊ တောင်တွင်းကြီး၊ ရေနံချောင်း၊ မြင်းခြံ၊ မန္တလေး(နှစ်ညအိပ်)၊မိတ္ထီလာ၊ ပျဉ်းမနား၊ တောင်ငူ၊ ညောင်လေးပင်တို့ဖြစ်သည်။ ပြိုင်ပွဲတွင် မူလက အမျိုးသမီးပြိုင်ပွဲကိုပါ ကျင်းပရန် စီစဉ်ခဲ့သော်လည်း ပြိုင်ပွဲဝင်ဦးရေ မပြည့်၍ ကျင်းပနိုင်ခြင်းမရှိကြောင်း သိရသည်။ ဖေဖော်ဝါရီ ၉ ရက်အထိ အမျိုးသား စက်ဘီးအားကစားသမား ၈၀ ကျော် စာရင်းပေးသွင်းထားသည်။

ထိုက်ထိုက်တန်တန်

ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ရာ ပထမဆု ကျပ် ၂၅ သိန်း၊ ဒုတိယဆု ကျပ် ၁၇ သိန်း၊ တတိယဆု ကျပ် ၁၅ သိန်း၊ စတုတ္ထဆု ကျပ်ရှစ်သိန်း၊ ပဉ္စမဆု ကျပ်ခုနစ်သိန်း၊ ဆဋ္ဌမဆု ကျပ် ခြောက်သိန်း၊ သတ္တမဆုကျပ်ငါးသိန်း၊ အဋ္ဌမဆု ကျပ်လေးသိန်း၊ နဝမဆု ကျပ်သုံးသိန်း၊ ဒသမဆု ကျပ်နှစ်သိန်းဖြစ်သည်။

ကြိုတင်ပြင်ဆင်လေ့ကျင့်

ပြိုင်ပွဲခရီးစဉ်တစ်လျှောက် ပြိုင်ပွဲစည်းကမ်းဖောက်ဖျက်ခြင်းမရှိဘဲ ပန်းဝင်နိုင်သူတိုင်းအား ဖွဲ့ဆုအဖြစ် ငွေကျပ်တစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်သည်။ ခရီးစဉ်တစ်ခုချင်းအလိုက် ဆုများလည်း ချီးမြှင့်မည်ဖြစ်သည်။ ပြိုင်ပွဲကာလ ၁၃ ရက်ကြာမြင့်မည်။ ရန်ကုန်–ပြည်–မန္တလေး–ရန်ကုန် မိုင် ၁၀၀၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ၌ အောင်မြင်မှုရရှိရေးအတွက် စက်ဘီးအားကစားသမားများ ကြိုတင်ပြင်ဆင် လေ့ကျင့်လျက်ရှိကြောင်း သိရသည်။ ။

(မြန်မာ့အလင်း)

ဇန်နဝါရီ၂၈ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မဟာအောင်ဗောဓိ ဆုတောင်းပြည့်ဘုရား အသံမစဲပဋ္ဌာန်းရွတ်ဆိုအောင်ပွဲအခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင်ဒုရဲမှူး တင့်ဝေက ကျေးဇူးတင်စကား ပြောကြားစဉ်။

(က–ပ)

ဇလွန်မြို့နယ်အသင်း(ရန်ကုန်) ဂုဏပူဇာနှင့် ဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ဇလွန်မြို့နယ်အသင်း (ရန်ကုန်)က ဖေဖော်ဝါရီ ၂၅ ရက် (တနင်္ဂနွေနေ့)တွင် (၄၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးပွဲတွင် ၂၀၀၆ ခုနှစ် နိုင်ငံတော်က ချီးမြှင့်သည့် ဘွဲ့တံဆိပ်တော်ရ သံဃာတော်အရှင်သူမြတ်တစ်ပါးနှင့် လူပုဂ္ဂိုလ်တစ်ဦးတို့ကို ဂုဏပူဇာပွဲနှင့် ဂုဏ်ပြုပွဲကျင်းပမည်ဖြစ်ပြီး အလားတူ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲတို့ကို ကျင်းပမည်ဖြစ်သည်။

(၇၅)နှစ်ပြည့်ပြီး အသင်းဝင် ဘိုးဘွားစာရင်းနှင့် ၂၀၀၆ ခုနှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရပညာရည်ချွန်စာရင်းကို ဖေဖော်ဝါရီ ၁၈ရက် နောက်ဆုံးထား၍လည်းကောင်း၊ ဂုဏပူဇာမင်္ဂလာပွဲသို့ လှူဒါန်းလိုသူများသည် အသင်းဥက္ကဋ္ဌ ဦးလှမြင့် ဖုန်း–၅၁၀၃၆၇ နှင့် ၅၁၀၆၁၇၊ အတွင်းရေးမှူး ဦးအေးကျော် ဖုန်း–၂၇၈၃၃၁၊ ဒုတိယဥက္ကဋ္ဌများဖြစ်သော ဦးသိန်း ဖုန်း–၅၈၄၁၉၁ နှင့် ဦးကျော်ငြိမ်း ဖုန်း–၅၅၉၀၅၉တို့သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြို့နယ်များ၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၉

မကွေးတိုင်း သရက်ခရိုင် အောင်လံမြို့ သရက်တော(၁)ရပ်ကွက် ဆိုင်ရှင် ဦးသန်းထွန်း (တိုက်ခံအိမ်)၌ ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၁၂ နာရီခွဲ ခန့်တွင် ဘက်ထရီခေါင်း အဖို၊အမ မှားချိတ်မိရာမှ မီးပွားလွင့်စင်ပြီး အနီးရှိ ဓာတ်ဆီပုံးသို့ မီးကူးစက်လောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် တိုက်ခံအိမ်နှစ်လုံး မီးလောင်ခံရပြီး လူနှစ်ဦးဒဏ်ရာရခဲ့သည်။

လှိုင်သာယာ

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် စက်မှုဇုန် အကွက်(၂၄) ဖန်ချက်ဝန် ဦးရွှေအိုးလမ်း IMRU ရော်ဘာစက်ရုံ စက်ရုံတာဝန်ခံ ဦးမြင့်အောင်၊ ပေါင်းဖိုကြီးကြပ်သူ ဦးဝင်းလှိုင်စိုးတို့၏ RC တစ်ထပ်၊ သုံးလုံးတွဲ အခန်း၌ ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ရော်ဘာစိမ်းများပေါင်းရာမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

အလုံ

ရန်ကုန်တိုင်း အလုံမြို့နယ် စောရန်ပိုင်အနောက်ရပ်ကွက် စကားစိမ်းလမ်း အမှတ် ၂၂ အိမ်ရှင်ဦးအောင်ခင်၏ အိမ်အပေါ်ထပ်၌ ဖေဖော်ဝါရီ ၆ ရက် ည ၈ နာရီ၃၅ မိနစ်ခန့်တွင် ဓာတ်ဆီပုံးယိုစိမ့်နေသဖြင့် ဖယောင်းတိုင်မီးထွန်းကြည့်ရာမှ မီးလောင်မှု ဖြစ်ပွားခဲ့သည်။

မုံရွာ

စစ်ကိုင်းတိုင်း မုံရွာမြို့ အောင်ချမ်းသာရပ်ကွက် ယောမင်းကြီးလမ်းနေ အိမ်ရှင် ဒေါ်မမလေးနေအိမ်၌ ဖေဖော်ဝါရီ၆ ရက် ည ၁၁ နာရီခွဲ ခန့်တွင် ဆေးလိပ်တိုမီးစွန့်ပစ်ရာမှ မီးလောင်မှု ဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် အိမ်နှစ်လုံး မီးလောင်ခံရသည်။

ကန့်ဘလူ

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့ အမှတ်(၂)ရပ်ကွက် ပသယ်တိုက်လမ်း အိမ်ရှင် ဦးခိုင်ဇော်ဝင်း၏ နေအိမ်၌ ဖေဖော်ဝါရီ ၈ ရက် နံနက် ၄ နာရီခွဲခန့်တွင် ကြက်သားပေါက်များကို မီးသွေးမီးဖိုဖြင့် အပူပေးရာမှ စတင်၍ လောင်ကျွမ်းခဲ့သည်။ မီးလောင်မှုကြောင့် အိမ်နှစ်လုံး၊ မီတာဘောက်တစ်ခု၊ ကြက်သားပေါက် အကောင်၂၅၀ မီးလောင်ခံရပြီး ဦးခိုင်ဇော်ဝင်း၏ သားများဖြစ်ကြသည့် မောင်မျိုးမင်းထွန်း(၇)နှစ်နှင့် မောင်အောင်ဖြိုးဇော်(၆)နှစ်တို့မှာ မီးလောင်သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စမ်းချောင်းမြို့နယ် အခြေခံပညာ မူလတန်းကျောင်း အမှတ် (၁၀) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးကြူ ဦးဆောင်၍ ဆရာမများနှင့် ကျောင်းသား ကျောင်းသူလေးများ စမ်းချောင်းမီးသတ်စခန်းသို့ ဖေဖော်ဝါရီ ၆ ရက်က သွားရောက်လေ့လာကြရာ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးကျင်သိန်းက မီးသတ်ပညာနှင့်မီးဘေး ကြိုတင် ကာကွယ်ရေးအကြောင်း ရှင်းလင်းဟောပြောစဉ်။ (၁၂၉)

မီးကြွင်းမီးကျန် မရှိရန် အစဉ်သတိ အမြဲရှိ







ကျေးဇူးဆပ်ပါမည် ကျွန်တော် စိုးဝင်း၏နိုင်ငံကူးလက်မှတ်အမှတ်(005715) စာအုပ် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၆၆၆၇၉၄။

ကျေးဇူးဆပ်ပါမည် ကျွန်တော် စိုးမြင့်သန်း မြန်မာနိုင်ငံကူးလက်မှတ်အမှတ် (542069) ခရီးသွားရင်း ပျောက်ဆုံးပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၂၀၁၄၉၇။

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်ကျွန်မတို့၏သားဖြစ်သူ မောင်စိုးကျော်သူ ၁၂/ဥကမ(နိုင်)၁၆၇၄၁၃ သည် ခွင့်မလွှတ်နိုင်သော ကိစ္စရပ်များကျူးလွန်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှစွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ ပေါ်ပေါက်လာသည့်ကိစ္စရပ်များအားလုံးကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

ဦးမျိုးညွန့် ၁၂/လကန(နိုင်)၀၁၆၁၂၈၊ ဒေါ်မြရီ ၁၃/တကန(နိုင်)၁၁၅၃၄၁ ၄၈/ခ၊ သုမင်္ဂလာလမ်း၊ (၅)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။



ပြည်ထောင်စုနေ့ လော်ကားဥယျာဉ်ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၉

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈နာရီမှ ညနေ ၄နာရီအထိသာ ဖွင့်လှစ်သော်လည်း ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့)တွင် အများပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေအနားယူ လေ့လာနိုင်ရန် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ငူအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

တောင်ငူအသင်း(ရန်ကုန်)၏ ဘွဲ့ခံဆရာတော်ကြီးများ ပူဇော်ပွဲ၊ နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို မတ် ၄ရက်(တနင်္ဂနွေနေ့)နံနက်၈နာရီတွင် ဖေယျာအောင်မြေကျောင်း ဓမ္မသုခတိုက် ကြားတောရလမ်း ဗဟန်း၌ ကျင်းပမည်ဖြစ်ရာ (တောင်ငူ၊ အုတ်တွင်း၊ ထန်းတပင်) အသင်းသူ အသင်းသားများ၊ အသင်းမဝင်ရသေးသော နယ်သူနယ်သားများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ပညာရည်ချွန် ဆုပေးပွဲအတွက် (၂၀၀၆-၂၀၀၇) ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင် အသင်းသားများ၏ သားသမီးများစာရင်းကို အထောက်အထားများနှင့် တကွ အမှုဆောင် ဦးထွန်းထွန်း ဖုန်း-၅၄၃၉၅၈၊ ၀၉-၅၀၀၁၉၀၃၊ ဦးတင်လှ ဖုန်း-၇၂၂၇၈၅ နှင့် ဒေါ်မြင့်မြင့်စန်း ဖုန်း-၅၁၉၅၀၉၊ ၀၉-၅၁၂၅၄၄၅တို့သို့ ဖေဖော်ဝါရီ၂၈ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

ဒေါ်နှင်းနန္ဒာအောင် ၉/မရတ(နိုင်)၀၁၁၄၃၃ သိရှိစေရန် သတိပေးကြေညာချက်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သီရိဟေမာလမ်း၊ ဦးညိုခြံတွင်နေထိုင်သူ ဒေါ်နှင်းနန္ဒာအောင် မှတ်ပုံတင်အမှတ် ၉/မရတ(နိုင်)၀၁၁၄၃၃ သိရှိစေရန် Lion Myanmar Co.,Ltd. ဒါရိုက်တာအဖွဲ့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

လူကြီးမင်းသည် Lion Myanmar Co., Ltd. တွင် Logistics Executive အဖြစ် ကုမ္ပဏီ၏ပစ္စည်းအားလုံးအား မှာယူခြင်း၊ စတိုပစ္စည်းများအားထိန်းသိမ်းခြင်းနှင့် Customer များထံ ဖြန့်ဝေခြင်းတို့ကို တာဝန်ထမ်းဆောင်နေသူတစ်ဦးဖြစ်ပါသည်။ ကုမ္ပဏီ၏ စည်းမျဉ်းစည်းကမ်းအရ လူကြီးမင်းတာဝန်ထမ်းဆောင်နေသည့် စတိုဌာနအား Audit ဝင်၍ ဌာနတွင်းစာရင်းစစ်ဆေးရာ၌ လူကြီးမင်းသည် လက်ကျန်ပစ္စည်းစာရင်းကောက်ယူရာတွင် စာရင်းဇယားနှင့်တကွ စာရင်းရှင်းလင်းရန်တာဝန်ရှိပါလျက် ပြီးဆုံးသည်အထိ ဆောင်ရွက်ရှင်းလင်းခြင်းလုံးဝမပြုဘဲ လူကြီးမင်းသည် ၇-၁၂-၂၀၀၆ရက်နေ့မှစတင်၍ ကုမ္ပဏီသို့ လာရောက်ခြင်းလုံးဝမရှိတော့ဘဲ လုပ်ငန်းခွင်မှ တိမ်းရှောင်နေခဲ့သည်မှာ ယနေ့အထိဖြစ်ပါသည်။ လူကြီးမင်းအား ကုမ္ပဏီမှအကြိမ်ကြိမ်အကြောင်းကြားခေါ်ယူခဲ့သော်လည်း လာရောက်ခြင်းမရှိဘဲ ဆက်လက်တိမ်းရှောင်နေခဲ့ပါသည်။

သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ ငါးရက်အတွင်း ကုမ္ပဏီသို့လာရောက်၍ စာရင်းရှင်းလင်းကာ လူကြီးမင်း၏တာဝန်ကို ပြီးပြတ် ကျေပွန်စွာထမ်းဆောင်ပါရန်နှင့် သတ်မှတ်နေ့ရက်ကျော်လွန်ပါက ကုမ္ပဏီ၏လုပ်ထုံးလုပ်နည်းအရ ဆက်လက်စစ်ဆေး ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း၊ ယင်းသို့စစ်ဆေးဆောင်ရွက်ရာ၌ ဖြစ်ပေါ်လာသမျှ ပြဿနာအရပ်ရပ်အားလုံးသည် လူကြီးမင်း၏တာဝန်သာဖြစ်ကြောင်း၊ ပေါ်ပေါက်လာသောပြဿနာအလိုက် လူကြီးမင်းအား ကုမ္ပဏီ၏စည်းမျဉ်းစည်းကမ်းအရသော်လည်းကောင်း၊ လိုအပ်ပါက တည်ဆဲဥပဒေများအရ ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့ဖြင့် အရေးယူဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း သတိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဒေါ်အေးအေးအောင်
တရားရုံးချုပ်ရှေ့နေ
အမှတ် ၁၂၁၊ ဒုထပ်၊ ဘုန်းကြီးလမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၂၂၅၆၉၄၊ ၀၉-၅၁၆၉၁၅၉။

ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးဇေယျ (လေယာဉ်မှူးကြီး၊ Air Mandalay Ltd.)-ဒေါ်ခင်ဌေးတို့၏ သားငယ်

မောင်တေဇာလင်း

Second Mate (F.G), Uniteam Marine Co.,Ltd.

နှင့်

ရန်ကုန်မြို့နေ ဦးအေးချို (ဗဟိုစာရင်းရုံး၊ အငြိမ်းစား)-ဒေါ်မြင့်မြင့်ကြည် (လက်ထောက်အထွေထွေမန်နေဂျာ၊ ဘဏ္ဍာရေး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း) (Director-Myanmar DHL Ltd.) တို့၏သမီး

ဒေါက်တာမေကြည်ဦး

M.B.,B.S (Ygn)

တို့၏ ၂၇-၁-၂၀၀၇ရက်တွင် **Yuzana Hotel** ၌ ကျင်းပခဲ့သော ထိမ်းမြားလက်မှတ်ရေးထိုးပွဲတွင် ထိမ်းမြားလက်ထပ်ပေးသော တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေးနှင့်ဇနီးအားလည်းကောင်း၊ ၃-၂-၂၀၀၇ရက်တွင် **Sedona Hotel Grand Ballroom** ၌ ကျင်းပခဲ့သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော ဒုတိယဗိုလ်ချုပ်ကြီးကျော်သန်း(လေ-ငြိမ်း)နှင့်ဇနီး ဒေါ်ခင်ဆွေညွန့်၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ကြသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများအားလည်းကောင်း၊ ဆရာဝန်ကြီးများ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း လက်ဖွဲ့ပစ္စည်း ပေးပို့ချီးမြှင့်ကြသော ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ သတို့သားအရံများအဖြစ် ဆောင်ရွက်ပေးကြသော ကုန်သွယ်ရေကြောင်းအရာရှိလောင်း မောင်စိုးလင်းဖြိုး၊ မောင်ဝင်းမင်းခိုင်၊ သတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးကြသော ဒေါက်တာမြအေးငြိမ်း၊ ဒေါက်တာမိုးမမဝသန်၊ မင်္ဂလာပန်းကြဲပေးသော ဒေါက်တာစုလှိုင်ထား၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော ဒေါက်တာစန်းယုမော်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင် ဟေမာနေဝင်း၊ တေးဂီတဖြင့် ဧည့်ခံပေးသော နိုက်တင်ဂေးလ်တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်ဖန်တီးပေးသည့် ခင်စန်းဝင်းနှင့် Wai Wai မှ မငယ်၊ ပန်းအလှပြင်ပေးသော Blessings မှ မခင်စုလှိုင်၊ ဗီဒီယိုနှင့်ဓာတ်ပုံမှတ်တမ်းတင်ပေးသော ရွှေအင်းသားခင်မောင်ဝင်းနှင့်အဖွဲ့အားလည်းကောင်း၊ ၃-၂-၂၀၀၇ရက်တွင် **Sedona Hotel Pool Side** ၌ ကျင်းပခဲ့သော မင်္ဂလာညစာစားပွဲတွင် တက်ရောက်ချီးမြှင့်ကြသော မိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအောင်မြင်စွာကျင်းပနိုင်ရန် အဘက်ဘက်မှ ကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်တေဇာလင်း-ဒေါက်တာမေကြည်ဦး။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ဧရာဝတီတိုင်း၊ ဝါးခယ်မမြို့နယ်၊ ရွှေလောင်းမြို့နေ
ဦးစိန်မြင့်(အထပြ၊ အထက-ရွှေလောင်း)-ဒေါ်ခင်ခင်နွဲ့(မလပြ၊ ငြိမ်း)တို့၏သားလတ်

ဗိုလ်မှူးထွန်းနိုင်ကျော်(ခ)ဇာနည်ထွန်း B.A (History), တေဇ(၂၃)

နှင့်

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၊ ရပ်ကွက်(၁)၊ ပြည်နယ်သစ်တောဝင်းနေ
ဦးသန်းမြင့်(တွဲဖက်ပြည်နယ်အရာရှိ၊ သစ်တောဦးစီးဌာန)-ဒေါ်စန်းမြင့်(အလပြ၊ ငြိမ်း)တို့၏သမီးလတ်

မငြိမ်းစုစုသန်း B.Sc (Hons), M.Sc (Zoology)

တို့၏ ၁-၂-၂၀၀၇ရက် လားရှိုးမြို့ Lashio Motel ၌ ကျင်းပသော စေ့စပ်မင်္ဂလာပွဲနှင့် ၆-၂-၂၀၀၇ရက်တွင် ပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပါသော ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော တွဲဖက်ပြည်နယ် တရားသူကြီး ဦးမောင်မောင်ရွှေအားလည်းကောင်း၊ ၇-၂-၂၀၀၇ရက် Lashio Motel မင်္ဂလာခန်းမ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပါသော အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့် ဇနီးအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းချီးမြှင့်ပေးပါသော အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့်ဇနီးအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော မြန်မာ့သစ်လုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးကျော်သူနှင့်ဇနီးအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် မင်္ဂလာလက်ဖွဲ့ပေးပို့ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပန်းများဖြန့်ခင်းပေးပါသော ညီမငယ် မသီရိဝင်းထိန်၊ မင်္ဂလာပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးသော ညီမငယ် မခင်လေးမွန်နှင့် မမေဇွန်ဝင်းအားလည်းကောင်း၊ သတို့သားအရံ ဗိုလ်ကြီးကျော်သက်ဝင်းနှင့် ဗိုလ်ကြီးသန်းထွဋ်အောင်၊ သတို့သမီးအရံ ညီမငယ် မငြိမ်းကျော့ကျော့သန်းနှင့် မထက်ဝတ်ရည်ထွန်းတို့အားလည်းကောင်း၊ မိတ်ကပ်ဆံပင် လှိုင်အလှပြင်ဆိုင်နှင့် မင်္ဂလာသတို့သမီးဝတ်စုံ ချုပ်လုပ်ပေးပါသော မစိုးသီတာ(မန္တလေး)အားလည်းကောင်း၊ ဗီဒီယို၊ဓာတ်ပုံမှတ်တမ်းတင်ရိုက်ကူးပေးပါသော လားရှိုးဓာတ်ပုံဆိုင်နှင့်မင်္ဂလာခန်းမပန်းအလှပြင်ဆင်ပေးသော ဆရာမကြီး ဒေါ်လူးလူးဝီလျံနှင့်အဖွဲ့အားလည်းကောင်း၊ မောကိန္နရီ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် လားရှိုးမိုတယ်မှ ဝန်ထမ်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလုံးအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်မှူးထွန်းနိုင်ကျော်-မငြိမ်းစုစုသန်း။

မိုးညှင်းမြို့နယ် ရွှေမဉ္ဇူရေလယ်ဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရေး ညှိနှိုင်းစည်းဝေး

မိုးညှင်း ဇန်နဝါရီ ၂၉

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီး ရွှေမဉ္ဇူရေလယ်ဘုရား **(အပေါ်ပုံ)** ဗုဒ္ဓပူဇနီယပွဲတော်နှင့် ထီးတော်သစ် တင်လှူပူဇော်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ၁၅ရက် မွန်းတည့် ၁၂နာရီက အင်းတော်ဓမ္မာရုံ၌ ကျင်းပသည်။

ဆွေးနွေးတင်ပြ

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီးနောက် နန့်မီးလောင်ဆရာတော် ဦးဇိနထံမှ ငါးပါးသီလခံယူကြသည်။ ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ရွှေမဉ္ဇူရေလယ်ဘုရားဗုဒ္ဓပူဇနီယပွဲတော်နှင့်ထီးတော်သစ်တင်လှူပွဲကျင်းပမည့် အစီအစဉ်များကို ရှင်းလင်း လျှောက်ထားကြပြီး တက်ရောက်လာကြသူများက လုပ်ငန်းကော်မတီအလိုက် အကြံပြု ဆွေးနွေးတင်ပြကြသည်။

ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ

အင်းတော်ကြီး ရွှေမဉ္ဇူဘုရားဗုဒ္ဓပူဇနီယပွဲတော်အကြို အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၂ရက်အထိ လည်းကောင်း၊ ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၂၃ရက်မှ မတ်၂ရက်အထိလည်းကောင်း ကျင်းပမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၅ရက်တွင် ထီးတော်သစ် တင်လှူမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖာပွန်မြို့တွင် အမကကျောင်း အဆောက်အအုံသစ် ပန္နက်တင် ချောင်းကူးတံတား ဆောက်လုပ်ရေးလုပ်ငန်း ကြည့်ရှုစစ်ဆေး

ဘားအံ ဇန်နဝါရီ ၃၀

ကရင်ပြည်နယ် ဘားအံခရိုင် ဖာပွန်မြို့နယ် အနောက်ဘက်ကမ်းကျေးရွာတွင် အခြေခံပညာ မူလတန်းကျောင်း အဆောက်အအုံသစ် အုတ်မြစ်ချပန္နက်တင် မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၁၁ရက် နံနက် ၁၀နာရီက အဆိုပါမြေနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး တင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ကျောင်းအဆောက်အအုံသစ်ကို အုတ်မြစ်ချ ပန္နက်တင်ပေးကြသည်။

ဆက်လက်၍ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး တင်မောင်ဝင်းနှင့် တပ်မတော်အရာရှိများ၊ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အသစ်ပြန်လည်တည်ဆောက်လျက်ရှိသော ဖာပွန်မြို့ လယ်ကပေါ်ချောင်းကူးတံတား ဆောက်လုပ်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးရာ တံတားဆောက်လုပ်ရေးတာဝန်ခံ မြို့နယ်အင်ဂျင်နီယာ ဦးအတူးက တံတားဆောက်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်မှူးကြီးတင်မောင်ဝင်းက လိုအပ်ချက်များမှာကြားခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

လားရှိုးမြို့ရှိ ကျေးရွာများ ရုပ်/သံကြည့်ရှုရေးစခန်းများဖွင့်

လားရှိုး ဖေဖော်ဝါရီ ၃

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် အတွင်းရှိ ခေးနင်းကျေးရွာ၊ နောင်မွန်ကျေးရွာ၊ ပုန်းထွန်ကျေးရွာနှင့် စဉ့်အင်ကျေးရွာတို့တွင် အများပြည်သူများ အသိပညာဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်လျက် ကျေးရွာကိုယ့်အားကိုယ်ကိုး ရုပ်မြင်သံကြား ဖမ်းယူကြည့်ရှုရေးစခန်းများကို ဖေဖော်ဝါရီ ၁ရက်က လားရှိုး ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ စက်ရုံမှူး ဦးမျိုးဝင်းအောင်၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း လုပ်ငန်းစုရုံး လားရှိုးမှ ဌာနခွဲမှူး ဦးလှကျော်ဦးနှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါအခမ်းအနားသို့ လူမှုရေး အဖွဲ့အစည်းဝင်များနှင့် ဒေသခံ ပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (ပြည်နယ် ပြန်/ဆက်)

မော်ကျွန်း အထက(၁) အငြိမ်းစားဆရာ၊ ဆရာမကြီးများ အာစရိယပူဇော်ကန်တော့ပွဲ ကျင်းပ

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၃၁

မော်လမြိုင်ကျွန်းမြို့ အထက(၁) အငြိမ်းစားဆရာ၊ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၃)ကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ ၂၇ရက်က ကျောင်းရင်ပြင်၌ ကျင်းပသည်။

ယင်းပူဇော်ကန်တော့ပွဲတွင်သက်ကြီးနှင့် လုပ်သက်အလိုက် ပူဇော်ကန်တော့ကြရာ ဆရာကြီးဦးတင်ဆောင်အား ငွေကျပ်တစ်သိန်းလေးသောင်း၊ဆရာမကြီး ဒေါ်နုနုကြည်အား ငွေကျပ်တစ်သိန်းတစ်သောင်းနှင့် နာမကျန်း ဆရာကြီး ဦးအုန်းအား အိမ်တိုင်ရာရောက်သွားရောက်ပြီး ဦးသောင်းညွှန့်-ဒေါ်တင်ကြည် (ရွှေမြန်မာ လယ်ယာသုံးပစ္စည်း ရောင်းဝယ်ရေး)က ငွေကျပ်တစ်သိန်း **(အပေါ်ပုံ)**နှင့် ပူဇော်ရေးအဖွဲ့က ငွေကျပ်သုံးသောင်းခုနစ်ထောင် အပါအဝင် အငြိမ်းစား ဆရာ၊ ဆရာမကြီး ၈၉ဦးတို့အား ငွေကျပ်၄၆သိန်းကျော်ဖြင့် ကျောင်းသား ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြသည်။

လှူဒါန်းနိုင်

၂၀၀၉ခုနှစ် ဇန်နဝါရီလ နောက်ဆုံးပတ်တွင်မော်လမြိုင်ကျွန်းမြို့ အထက(၁)၏(၇၅)နှစ်ပြည့်စိန်ရတုပွဲနှင့် (၂၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ကျင်းပမည်ဖြစ်ရာ ဦးစံသိန်း နာယက မော်လမြိုင်ကျွန်းမြို့ဖုန်း-၀၄၂-၅၀၁၅၂ နှင့် ဦးစိုးပိုင် မော်လမြိုင်ကျွန်းမြို့နယ်အသင်း အတွင်းရေးမှူး(ရန်ကုန်) ဖုန်း-၀၁-၃၇၅၆၈၀တို့သို့ ကြိုတင်ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(၀၉၇)**

ကျန်းမာရေးပညာပေးဟောပြောပွဲ ကော့သောင်းမြို့၌ကျင်းပ သက်ကြီးရွယ်အိုများ ဆေးဝါးနှင့် ထောက်ပံ့ငွေလှူဒါန်း

ကော့သောင်း ဇန်နဝါရီ ၁၅

ကော့သောင်းခရိုင်နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့က ကြီးမှူး၍ ကျန်းမာရေးပညာပေးဟောပြောပွဲနှင့် သက်ကြီးရွယ်အိုများအား ဆေးဝါးနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ၃ရက်က ကော့သောင်းမြို့ မလိဝမ်းကျေးရွာရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး ခရိုင်ဆရာဝန်ကြီး ဒေါက်တာဥာဏ်ဇော်နှင့် သွားဆရာဝန်တို့က ကျန်းမာရေးပညာပေး ဟောပြောကြသည်။

အခမ်းအနားအပြီးတွင် ခရိုင်၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့က သက်ကြီးရွယ်အိုများအား ဆေးဝါးနှင့် ထောက်ပံ့ငွေများကိုလည်းကောင်း၊ ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

ထို့နောက် ကော့သောင်းမြို့နယ် ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်များနှင့် တိုင်းရင်းဆေးတာဝန်ခံတို့က ဒေသခံပြည်သူများအား ဆေးဝါးကုသပေးကြသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ကျောက်မဲမြို့နယ် ကျေးလက်မြေသားလမ်းဖြစ်သော တောင်ဆေးလိပ်-လွယ်လန်း-မန်ပန်-ခိုက်လုံလမ်းကို ဇန်နဝါရီ ၁၆ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးရန်နိုင် ကွင်းဆင်း စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကျော်မျိုးနှင့်အဖွဲ့ ဖေဖော်ဝါရီ ၅ရက်က ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ယာဉ်၊ စက်၊ ယန္တရားများ၊ မြို့သာယာလှပရေးနှင့် ပန်းခြံများကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဇော်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးအောင်ကိုကိုတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။ (၀၆၄)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
တပို့တွဲလပြည့်ကျော် ၁၀ ရက်
၁၁-၂-၂၀၀၇
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့် ဝဋ္ဋသုတ်)

နေ့လယ်ပိုင်း

၁၀:၀၀ သုတစုံစွာ သိမှတ်စရာ (စကားပြောသော မြက်ခင်း- သိပ္ပံမှူးတင်)
၁၁:၁၅ နိုင်ငံစီးပွားလုပ်ငန်းများ (မန္တလေးတိုင်း စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ)
၁၁:၃၀ မေတို့တွက်တာ အလှကမ္ဘာ (ရိုးရာဝတ်စုံများနှင့် အလှဆင်ပါ)
၁၁:၄၅ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) သံယောဇဉ်ဖြတ်ဖို့ခက်တယ် (သန်းသန်းမြင့်လေး)
(၂) ချစ်ရက်ဘယ်ခါဆုံးမယ်မထင် (ကိုတင်ဝင်း)
(၃) သစ္စာပန်းတစ်ခက် (ချိုပြုံး)
၁၂:၀၀ ကလေးများ၏ သီချင်းဆိုပြိုင်ပွဲ (ဒို့ပြည်ထောင်စုအလံဒို့ကြိုမည်)
၁၂:၃၀ ဓာတ်လမ်းပမာနားဆင်စရာ(နီးနီးလေး)
၁၃:၁၀ ယဉ်ကျေးမှုအနုပညာ (ပြည်ထောင်စုအလံ မိုးသို့ပျံ)

ညနေပိုင်း

၁၆:၁၀ နေ့စဉ်သုံး အီဒီယမ်
၁၆:၂၀ ပြည်ထောင်စုနေ့ ဂုဏ်ပြုတေးသစ်များ
၁၇:၀၀ တေးသံစုံ (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့မှ ပြည်ထောင်စုနေ့ ဂုဏ်ပြုတေးသံစုံများ)
၁၇:၁၅ မြန်မာ့မူဟန်ဓာတ်မာန် ဟောပြောချက် (ပြည်ထောင်စု စိတ်ဓာတ်နှင့် ဝံသာနုရက္ခိတ- ညွှန့်ဟံ-ကြူတော)
၁၇:၃၀ တေးရေးသူအကြိုက် (ကျောက်ပန်းတောင်း ကျော်လွင်)
၁၉:၁၅ အသံလွှင့်ဓာတ်လမ်း (ပြည်ထောင်စုသစ္စာ)
၂၀:၂၀ ဆွေးနွေးခန်း (တိုင်းရင်းသားတို့ တေးသံလွင်-အပိုင်း-၂)
၂၀:၃၀ အင်္ဂလိပ်စကားပြောသင်ခန်းစာ (ဒေါ်နှင်းရည်)
၂၀:၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) တမ်းတမ်းတတ နေပါပြီကွယ် (ဟသ်ာတထွန်းရင်)
(၂) ပျံသန်းရမည့်နေ့ (စိန်စိန်မြိုင်)
(၃) ကြင်နာသူနဲ့ဝေးသောအခါ (မောင်ဝင်းမြင့်)

အိန္ဒိယနိုင်ငံမဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ယခင်အမှတ်(၁) မင်းညွန့်လမ်း စမ်းချောင်းနေ ဦးမောင်မောင်ကြီးနှင့်ဦးဉာဏ်ထွန်း-ဒေါ်ညွန့်ညွန့်သိန်းတို့အား ရည်စူး၍ ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) (၃၅)ရပ်ကွက် ကန်သာယာ(၂)လမ်းနေ ဒေါ်ဉာဏ်သာမိသားစုက အလှူတော်ငွေကျပ်တစ်သိန်းတစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန(မဓ္ဓာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ခွဲစိတ်သမားတော် ပိန်းဇလုပ်၌ အခမဲ့ခွဲစိတ်

ပိန်းဇလုပ် ဖေဖော်ဝါရီ ၇

ရန်ကုန်မြို့မှ ခွဲစိတ်သမားတော်ကြီး ပါမောက္ခ ဒေါက်တာမြသိန်းဟန်နှင့် ပိန်းဇလုပ်တိုက်နယ်ဆရာဝန်ဒေါက်တာ ဉာဏ်ထွန်းဦး အဖွဲ့တို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁ ရက်က ပိန်းဇလုပ် တိုက်နယ်ဆေးရုံခန်းမ၌ ကျေးရွာသူ ကျေးရွာသားများအား အခမဲ့ခွဲစိတ်၍ ဆေးဝါးကုသပေးကြသည်။

အဆိုပါ အခမဲ့ ခွဲစိတ်ကုသမှုကို ပိန်းဇလုပ်ဒေသ အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်သဇင်နှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်ဆက်ရီနှင့် အဖွဲ့ဝင်များ၊ ညောင်လေးပင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဦးသိန်းညွန့်နှင့် ဆေးရုံဝန်ထမ်းများ၊ မြို့မိမြို့ဖများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။ အဆိုပါ ကွင်းဆင်းကုသမှုတွင် ခွဲစိတ်လူနာလေးဦးအား အောင်မြင်စွာ အခမဲ့ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။ **(က-ပ)**

မိခင်ဒေါ်ကျင်မြိုင်အား ရည်စူး၍ ရန်ကုန်တိုင်း ဗဟန်း မြို့နယ် ဖိုးစိန် လမ်း အမှတ် (၄၇/ခ) နေ ဦးကေကြည်မောင်-ဒေါ်ယဉ်ယဉ်မြင့် မိသားစုက ဒဂုံမြို့နယ် အမှတ်၁၆စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့

ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်နှစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တ သီလာစာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ထပ်ဆင့်ရှင်းမတည်ငွေခွဲဝေ၊ အပ်ချုပ်စက်ပေးအပ်

တောင်ကြီး ဖေဖော်ဝါရီ ၄

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ၂၀၀၆ခုနှစ် နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲ၊ အဖွဲ့ချုပ်ကပေးအပ်သည့် မတည်ငွေ ခွဲဝေပေးအပ်ပွဲနှင့် ပညာပဒေသာဌာန အပ်ချုပ်စက် ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၀ရက် နံနက် ၉နာရီက တောင်ကြီးမြို့ ပြည်နယ်အစည်းအဝေးခန်းမတွင် ကျင်းပရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။ (ဝဲပုံ)

အခမ်းအနားတွင် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သင်းမျိုးမျိုးအောင်က အဖွင့်အမှာစကား ပြောကြားပြီး ရှမ်းပြည်နယ်အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေမြင့်က ၂၀၀၆ခုနှစ် မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေးနှင့် စပ်လျဉ်း၍ ထပ်ဆင့်ရှင်းလင်းသည်။

တင်ပြ

ဆက်လက်၍ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်း တာဝန်ခံ ဒေါ်ခင်စန်းက ၂၀၀၇ခုနှစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ် (၉)ရပ်၊ မှတ်တမ်းတင်ခြင်း(၃)ရပ်၊ ဆွေးနွေး ဆုံးဖြတ်ခြင်း(၃)ရပ်တို့ကို တင်ပြ၍ အတွင်းရေးမှူး ဒေါ်ခင်သီတာက အဖွဲ့ချုပ်၏အတည်ပြုချမှတ်ပေးသည့် ၂၀၀၇ခုနှစ် တစ်နှစ်တာ ရှေ့လုပ်ငန်းစဉ်များကို တင်ပြသည်။

ထို့နောက် နာယက ဒေါ်သင်းမျိုးမျိုးအောင်က နိဂုံးချုပ်အမှာစကားပြောကြားကာ တက်ရောက်လာသူများ၏ တင်ပြချက်များအပေါ်ဆွေးနွေးသုံးသပ်ပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ပေးအပ်သည့် မတည်ငွေကျပ်သိန်း ၅၀ ကို ခရိုင်၊ မြို့နယ်များသို့ ထပ်ဆင့်ခွဲဝေပေးအပ်၍ ပညာပဒေသာဌာနဖွင့်လှစ်သော မြို့နယ်များသို့ အပ်ချုပ်စက်များပေးအပ်ပြီး နေပူခံ မြက်ဦးထုပ်များ၊ အိုင်အိုဒင်းဆားများကိုလည်း ခွဲဝေပေးအပ်ခဲ့ကြောင်းသိရသည်။

(ပြည်နယ်အမျိုးသမီးရေးရာ)

(၇၆)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၉

မြန်မာ့မီးရထားဘူတာဝန်ထမ်း ကိုအောင်ခင်(ခ)တေးသံရှင် မြောင်းမြအောင်ခင်စိုး(လူမှုထူးချွန် ဒုတိယဆင့်) **(ဝဲပုံ)**သည် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖေဖော်ဝါရီ ၅ရက်က ရန်ကုန် အမျိုးသားသွေးလှူဘဏ်တွင် (၇၆)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

မီးဘေးရှောင် မလောင်ခင်တား

မြို့နယ်သတင်းများ

တွံတေးမြို့ ရွှေမယင်း ကျေးရွာနေ ဦးသိန်းမြင့် - ဒေါ်အေးမြင့်မိသားစုက မိတဂုဏ်တိုးဘွား ရိပ်သာဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်း လှူဒါန်း ရာ ရိပ်သာ အတွင်းရေးမှူးဦးမြသိန်းက လက်ခံယူစဉ်။ (၃၈၀)

ဟသ်ာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စားပွဲတင် တင်းနစ်ပြိုင်ပွဲ(အလွတ်တန်း)တွင် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးညွန့်လှိုင်က ဒုတိယဆုရ မောင်ကျော်ဇော်ဦးအား ဆုချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့် အစီအစဉ်

(တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ
(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၁၃-၂-၂၀၀၇ (အင်္ဂါနေ့)
- ❑ Introduction to Plant Biotechnology
  - ပထမနှစ်မှမဟာသိပ္ပံအထိ ရုက္ခဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ မြန်မာ့ရတနာပတ္တမြားနီလာ၏ ဘူမိဗေဒ
  - ဘူမိဗေဒအထူးပြု မဟာတန်း ကျောင်းသား၊ ကျောင်းသူများ

၁၄-၂-၂၀၀၇ (ဗုဒ္ဓဟူးနေ့)
- ❑ Angiospermae
  - ဒုတိယနှစ် ရုက္ခဗေဒ၊တတိယနှစ်သတ္တဗေဒကျောင်းသား၊ ကျောင်းသူများ
- ❑ Heterocyclic Compounds and Alkaloids
  - တတိယနှစ် ဓာတုဗေဒ ကျောင်းသား၊ ကျောင်းသူများ
- ❑ Forms of Condensation
  - ပထဝီဝင်နှင့်အခြားသိပ္ပံ ကျောင်းသား၊ ကျောင်းသူများ

၁၅-၂-၂၀၀၇ (ကြာသပတေးနေ့)
- ❑ Economics (1) Market Interaction:Basic Demand and Supply Analysis
  - အဝေးသင်တက္ကသိုလ် စီးပွားရေးအဓိက ကျောင်းသား၊ ကျောင်းသူများ
- ❑ English Literature Poetry
  - ပထမနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား၊ ကျောင်းသူများ

၁၆-၂-၂၀၀၇ (သောကြာနေ့)
- ❑ Basic Elements of Poetry
  - ပထမနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Conditional Sentences
  - တတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား၊ ကျောင်းသူများ

၁၇-၂-၂၀၀၇ (စနေနေ့)
- ❑ Probability Distributions
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Sampling Distributions
  - ပထမနှစ်စီးပွားရေး၊ စီးပွားစီမံအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Consignment Account
  - ပထမနှစ်စီးပွားရေး၊ စီးပွားစီမံအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ The Purpose of Accounting and Double Entry Book-keeping
  - ပထမနှစ်စီးပွားရေး၊ စီးပွားစီမံအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Cognitive Development
  - ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
  - History of Psychology
  - ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Perceptual Organization
  - ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Operant Conditioning
  - ပထမနှစ်စိတ်ပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Central Nervous System
  - ပထမနှစ်စိတ်ပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Memory I
  - ပထမနှစ်စိတ်ပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Memory II
  - ပထမနှစ်စိတ်ပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Perceiving Distance
  - ပထမနှစ်စိတ်ပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Emotion
  - ပထမနှစ်စိတ်ပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ

၁၈-၂-၂၀၀၇ (တနင်္ဂနွေနေ့)
- ❑ အင်းဝခေတ်ရသစာပေသမိုင်း
  - ပထမနှစ်ရသစာပေအရေးအသားအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ ရွှေပြည်စိုးနှင့်ကျွန်တော်
  - ပထမနှစ် ရသစာပေအရေးအသားအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ မွေ့နွန်းရကန်
  - ပထမနှစ် ရသစာပေအရေးအသားအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Introduction to Legal Studies I
  - ပထမနှစ် ဥပဒေပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Juvinile Cours and the Methods of Reformation
  - စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Introduction to Legal Studies II
  - ပထမနှစ် ဥပဒေပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ The Nature and Meaning of Law
  - ပထမနှစ် ဥပဒေပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Importance of Micro Business in Economic Development
  - ပထမနှစ် အိမ်တွင်းစီးပွားအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Micro Business
  - ပထနှစ် အိမ်တွင်းစီးပွားအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Theory of Probability
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံအိမ်တွင်းစီးပွားအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Conflict of Law
  - စတုတ္ထနှစ်ဥပဒေပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Collision
  - စတုတ္ထနှစ်ဥပဒေပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့ရှိ အခွန်လွတ်ဈေးများ ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြိုဆို

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နံနက်၆နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ် ပန်တျာလမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ရောက်ရှိရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁** ✻

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပန်တျာလမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံနှင့်စပ်လျဉ်းသည့် အကြောင်းပြချက်များ ထပ်မံပုံဖော်စွပ်စွဲနိုင်ရန်အတွက် ပြည်တွင်းပြည်ပ အဖျက်သမားများ ချိန်ကိုက်ဆက်စပ်ပူးပေါင်းပြီး

အကြမ်းဖက်အဖျက်အမှောင့်နှင့် နိုင်ငံရေးဆန့်ကျင်လှုပ်ရှားမှုများပြုလုပ်ရန် ကြံစည်ကြိုးပမ်းနေသတင်းဆက်များထပ်မံရရှိသဖြင့် လုံခြုံရေးသတိထားရှိ ဆောင်ရွက်သွားကြရန်တိုက်တွန်း

နေပြည်တော် ဖေဖော်ဝါရီ ၉

ပြည်တွင်းပြည်ပ အဖျက်သမားများသည် မြန်မာနိုင်ငံအား ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်ရေး ၎င်းတို့၏ ပူးပေါင်းလုပ်ကြံမှု မအောင်မြင်သဖြင့် မြန်မာနိုင်ငံနှင့် စပ်လျဉ်းသည့် အကြောင်းပြချက်များ ထပ်မံပုံဖော် စွပ်စွဲနိုင်ရန်အတွက် အကြမ်းဖက် အဖျက်အမှောင့်လုပ်ငန်းနှင့် ပြည်တွင်း နိုင်ငံရေးဆန့်ကျင်လှုပ်ရှားမှုများကို ချိန်ကိုက်ဆက်စပ်လုပ်ဆောင်နေကြောင်း သတင်းဆက်များ ရရှိသဖြင့် ပြန်ကြားအသိပေးလျက်ရှိသည်။

ယခု ဖေဖော်ဝါရီလ ပထမပတ်အတွင်း ထပ်မံရရှိသော သတင်းအရ ABSDF ဥက္ကဋ္ဌ သံခဲ၊ အတွင်းရေးမှူး ကျော်ကို၊ စွမ်းအားမြှင့်မြန်မာကျောင်းသားစစ်သည်များအဖွဲ့(VBSW)မှ သန့်ဇင်ဦး၊ ဗကပ ဖိုးသံချောင်း(ခေါ်) ထက်အောင်တို့ ပူးပေါင်း၍ အဖျက်အမှောင့်အမာခံ ကိုးဦးအား စည်းရုံးသိမ်းသွင်းပြီး ပြည်တွင်းသို့ စေလွှတ်ခဲ့ကြောင်း၊ ၎င်းအဖွဲ့တွင် ABSDF မှ ကျော်မင်းဆိုသူလည်း ပါဝင်ပြီး ဇန်နဝါရီလကုန်ရက်ပိုင်းတွင် ပြည်တွင်းသို့ ဝင်ရောက်ခဲ့ကြကြောင်း သိရသည်။

ABSDF ကျော်မင်းက ၈၈ မျိုးဆက်ကျောင်းသားအုပ်စုနှင့်လည်းကောင်း၊ NLD ပါတီမှ ရွေးချယ်ခံကိုယ်စားလှယ် နှစ်ဦးနှင့်လည်းကောင်း တွေ့ဆုံဆက်သွယ် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်ရှစ်ဦးက ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ လူစည်ကားရာနေရာများတွင် လှုံ့ဆော်စာများဖြန့်ဝေ၍ အဖျက်အမှောင့်လုပ်ငန်းများ ဆက်စပ်လုပ်ဆောင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထို့အပြင် ၂၀၀၆ခုနှစ် စက်တင်ဘာလ၌ ပြည်ပသို့ထွက်ခွာသွားခဲ့သော (ယခင် ၁၉၈၈-၉၀ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ဗကသ တွဲဖက်အတွင်းရေးမှူးဟောင်း)စိုးမောင်မောင်သည် ၈၈မျိုးဆက်ကျောင်းသားအုပ်စုဝင်(ယခင် ဗကသအဖွဲ့ဝင်ဟောင်းများဖြစ်သည့်)မင်းဇေယျ၊ ဌေးကြွယ်တို့နှင့် တွေ့ဆုံရန် ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် NLD(LA) အဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ စိုးမောင်မောင်သည် နော်ဝေနိုင်ငံမှ ထိုင်းနိုင်ငံသို့ရောက်ရှိနေပြီး ABSDF အဖွဲ့၊ VBSW အဖွဲ့တို့နှင့်လည်း တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

စာမျက်နှာ ၉ ကော်လံ ၅ ❒

အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသမားတစ်ဦး ကျောက်တံခါးမြို့ ဗလီဝင်းအတွင်း ဝင်ရောက်၍ ချိန်ကိုက်မိုင်းထောင်စဉ် ပေါက်ကွဲမှုဖြစ်ပွားပြီးသေဆုံး

မြန်မာနိုင်ငံအပေါ် ဘာသာရေးခုတုံးလုပ်ပြီး နိုင်ငံရေးအမြတ်ထုတ် လုပ်ကြံမှုနှင့်ချိန်ကိုက်၍ ဘာသာအချင်းချင်းကြား သံသယပွားပြီး ချစ်ကြည်ရင်းနှီးမှုပျက်ပြားစေရန်နှင့် ထင်ယောင်ထင်မှားဖြစ်စေရန် ဆိုးညစ်သောကြံရွယ်ချက်ဖြင့် လုပ်ကြံဖန်တီးခြင်းဖြစ်

အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ချပြပေးနေသော ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အကြမ်းဖက်အဖျက်အမှောင့် လှုပ်ရှားမှုသတင်းများကို အထူးသတိပြု၍ ဖော်ထုတ်ချေမှုန်းသွားရန်နှိုးဆော်

နေပြည်တော် ဖေဖော်ဝါရီ ၉

ပြည်တွင်း နိုင်ငံရေးဆန့်ကျင်လှုပ်ရှားမှုနှင့် အကြမ်းဖက် အဖျက်အမှောင့်လုပ်ငန်းများကို အချိန်ကိုက်ဆက်စပ် လုပ်ဆောင်လျက်ရှိသော ပြည်တွင်းပြည်ပ အဖျက်သမားများသည် ၂၀၀၇ခုနှစ် ဇန်နဝါရီ ပထမအပတ်အတွင်း စာအိတ်ဗုံး ပေးပို့ဖောက်ခွဲမှုနှင့် မိုင်းထောင်ဖောက်ခွဲမှုများ ပြုလုပ်ခဲ့သည်။

ထို့အပြင် ပြည်တွင်းသို့ အကြမ်းဖက် အဖျက်အမှောင့်သမားများ စေလွှတ်သည့်သတင်းနှင့် ပြည်တွင်းနိုင်ငံရေး ဆန့်ကျင်လှုပ်ရှားမှုသတင်းများရရှိသဖြင့် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်အသိပေးလျက်ရှိသည်။

ယင်းသို့ ပြည်တွင်းနိုင်ငံရေးဆန့်ကျင်လှုပ်ရှားမှုနှင့် အကြမ်းဖက် အဖျက်အမှောင့်လုပ်ငန်းများ ချိန်ကိုက်ဆက်စပ် လုပ်ဆောင်ရာတွင် ပြည်တွင်းပြည်ပ အဖျက်သမားများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ ဘာသာတစ်ခုနှင့်တစ်ခု၊ အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု၊ လူပုဂ္ဂိုလ်တစ်ဦးနှင့်တစ်ဦးအကြား သံသယပွားပြီး ချစ်ကြည်ရင်းနှီးမှု ပျက်ပြားစေရန်၊ ဘာသာတစ်ခုနှင့်တစ်ခုကြား ပဋိပက္ခများဖြစ်ပွားစေရန်နှင့် အများပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်လျက် ဆိုးညစ်သည့်မသမာသော လုပ်နည်းလုပ်ဟန်များဖြင့် လုပ်ကြံဖန်တီးလျက်ရှိကြောင်း တွေ့ရှိရသည်။ **စာမျက်နှာ ၉ ကော်လံ ၅** ●

မြန်မာ့အလင်း

နှစ် (၆၀) ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို



❒ လက်ရှိအခြေအနေကောင်းများ ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် "စည်းလုံးခြင်းသည်အင်အား" ဆိုသည့်အတိုင်း တိုင်းရင်းသားများအချင်းချင်း စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ကူညီရိုင်းပင်းခြင်း၊ ခွင့်လွှတ်နားလည်ခြင်းတရားများ အစဉ်ထာဝရ မွေးမြူသွားရန်လိုအပ်။

ဥသျှောင်မှူး (ရတနာစည်၊ လှိုင်လင်)၏ ပြည်ထောင်စု၏ စိတ်ဓာတ်နှင့် အလုတရား ဆောင်းပါး (စာ-၆ နှင့် ၇)

❒ ပြည်ထောင်စုအဓိဋ္ဌာန် — ဖိုးရန်နိုင် (ကျောက်ကြီး)၏ ကဗျာ (စာ-၇)

❒ အမျိုးသားရေးသတိရှိကြပါ — မင်းဦး (ဒဿန)၏ ကာတွန်း (စာ-၇)